http://www.dhammadownload.com



# ကြီးပွါးစေလို ဘုန်းရိပ်ခို

ဘဒ္ဒန္တနာရဒါဘိဝံသ(လုရတနာ)

http://www.dhammadownload.com



# ကြီးပွားစေလို ဘုန်းရိပ်ခို

(နှစ်ကိုပ်ရှစ်ဆူ ဘုရားရှင်များ၊ မဟာဗောဓိညောင်ပင်တော်နှင့်
ဧတဒဂ်ဘွဲ့ဂုဏ်ထူးရသည့် မဟာသာဝက ရဟန္တာ(၄၁)ပါးတို့၏ ဘုန်းရိပ်ကို ခို၍
အကျိုးစီးပွားချမ်းသာ ရယူနည်းများကို ဖော်ပြထားသည်)

## လှုရတနာစာစဉ် (၄၇)

နှစ်ကိုပ်ရှစ်ဆူ ဘုရားများ၊ ဧတဒဂ်ဘွဲ့ရ ရဟန္တာ(၄၁)ပါးတို့အား
အနေကဇာတင်ခြင်းနှင့် မဟာဗောဓိညောင်ပင် ရွှေကျောင်းဆောင်အလှူ
ရေစက်ချပွဲ အထိမ်းအမှတ် ဓမ္မဒါနပြုသည်။

(၃-၈-၂၀၁၄)

ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာ)
(ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဌကထာပြန်အကျော်၊ သ-စ-အ
ဓမ္မာစရိယ၊ ဝင်္ဂသကာ၊ ပါဠိပါရဂူ)

| သာသနာ | ကောဇာ | ခရစ် |
|---|---|---|
| ၂၅၅၉ | ၁၃၇၇ | ၂၀၁၅ |

http://www.dhammadownload.com

# မာတိကာ


| | | | |
|---|---|---|---|
| | နိဒါန်းအမှာစာ | = | က |
| ၁။ | ကြီးပွားစေလို ဘုန်းရိပ်ခို | = | ၁ |
| ၂။ | မဟာဗောဓိပင်ဆိုင်ရာ မှတ်ဖွယ် | = | ၆ |
| ၃။ | နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ဝန္ဒနာ | = | ၁၄ |
| ၄။ | ဧတဒဂ်ရ ရဟန္တာများ ဝန္ဒနာ | = | ၅၇ |


**ကြီးပွားစေလို ဘုန်းရိပ်ခို**-ဟူသော ဤစာအုပ်ကို
နှစ်ဖက်သော မိဘများကို အမှူးထား၍
ဦးစောကျော်လင်း+ဒေါ်နီ၊ သမီး- မဆုမြတ်နိုး၊ မဆုမြတ်ဆင့်
(King Metal Trading Co, Ltd.)
မိသားစုက ဓမ္မဒါန ဓမ္မပူဇာ ကုသိုလ်မင်္ဂလာပြုပါသည်။


ပုံနှိပ်မှတ်တမ်း

ဒုတိယအကြိမ်

၂၀၁၅-ခုနှစ်၊ နိုဝင်ဘာလ

သိန်းသန်းဦး ပုံနှိပ်တိုက်

http://www.dhammadownload.com



# ဒုတိယအကြိမ် နိဒါန်းအမှာစာ

သာသနာတော်တွင် ကိုးကွယ်ရာစေတီ (၅) မျိုးရှိပေသည်၊ ထိုစေတီ (၅)မျိုးမှာ ၁။ ဓာတုစေတီ ၂။ ဓမ္မစေတီ၊ ၃။ ဥဒ္ဒိဿစေတီ၊ ၄။ ပရိဘောဂစေတီ၊ ၅။ ပါဒစေတီတို့ဖြစ်ကြ၏၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ကြီးတွင်မူ ထိုစေတီ(၅)မျိုးထဲမှ (၄) မျိုးသာရှိလေသည်၊ ပရိဘောဂစေတီကား မရှိချေ၊ ကျောင်းတိုက်တွင်းရှိ စေတီလေးမျိုးထဲမှ ၁။ ဓာတုစေတီ-မှာ စွယ်တော်ရတနာစေတီ, သီရိရတနာမြတ်စွယ်တော် စသည်တို့ဖြစ်ကြ၏။ ၂။ ပိဋကစာကြည့်တိုက်နှင့် စာသင်စာချသံဃာများသည် တရားတော်တို့ကို အာဂုံဆောင်ထားကြသဖြင့် ဓမ္မစေတီများပင်ဖြစ်ကြသည်၊ ၃။ ကြီးကိုးကြီး စာရင်းဝင်သော မဟာမင်္ဂလာဘုရားရုပ်ပွားတော်ကြီးစသော ဆင်းတုရုပ်ပွားတော်တို့ကို ဥဒ္ဒိဿစေတီတို့ဟူ၍ ဆိုရ၏၊ ၅။ ပါဒစေတီတို့မှာ အမျိုးအစားစုံလင်လှ၏၊ လောကမာရဇိန်ဘုရား သစ်သားဗုဒ္ဓခြေတော်ရာ, လောကထိပ်ပန်ဘုရား စကျင်ကျောက်ဗုဒ္ဓခြေတော်ရာ, အနန္တဇိနဘုရား နဝလောဟဗုဒ္ဓခြေတော်ရာ, အင်္ဂီရသဘုရား ရွှေဇဝါပန်းဗုဒ္ဓခြေတော်ရာ, ရွှေခြေတော်ရာ, ရတနာကျောက်မျက် ဗုဒ္ဓခြေတော်ရာ, ပုလဲဗီနိုင်းဗုဒ္ဓခြေတော်ရာ စသည်တို့ဖြစ်ကြ၏။

ဘုရားရှင်အသုံးပြုခဲ့သော သပိတ်၊ သင်္ကန်း၊ တောင်ဝှေး စသော အသုံးအဆောင်ပစ္စည်းများနှင့် ဗောဓိညောင်ပင်ကို ပရိဘောဂစေတီဟု ခေါ်ရ၏။ ၁၃၇၃-ခုနှစ် ဝါခေါင်လဆန်း(၁၃)ရက်၊ (၁၂၊ ၈၊ ၂၀၁၁) သောကြာနေ့သည်ကား ပါဠိတက္ကသိုလ်ညောင်တုန်းတိုက်အတွက် သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သည်၊ အကြောင်းမှာ ထိုနေ့ရက်၌ ကျောင်းတိုက်တွင် စေတီ(၅)မျိုးစလုံး ပြည့်စုံသွားသောကြောင့်တည်း။ ထိုနေ့ထူးနေမြတ်တွင် မဟာမင်္ဂလာဘုရားကြီးရှေ့ ပန်းခြံတွင်း၌ သီရိလင်္ကာနိုင်ငံမှ လှူဒါန်းထားသော သယ်မိတ္တဗောဓိပင်ပျိုကို မြေချစိုက်ပျိုးလှူဒါန်းပူဇော်ကြ၏၊ ပရိဘောဂစေတီ တည်ထားခြင်းပင်ဖြစ်သည်။

ပရိဘောဂစေတီထိုက်သော ထိုမဟာဗောဓိညောင်ပင်တော်၌ အင်ပါယာအလှူမိနီယမ် မိသားစုက နှစ်ကျိပ် ရှစ်ဆူဘုရား များ သီတင်းသုံးနေထိုင်ရန် အုဋ္ဌပလ္လင်ရွှေကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းကြ၏။ ထိုရွှေကျောင်းဆောင်၌ ညောင်တုန်းကျောင်းတိုက် ပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီးအမှူးပြုသော အလှူရှင်တို့ကလည်း နှစ်ကျိပ်ရှစ်ဆူ စကျင်ကျောက်သားဘုရားရုပ်ပွားတော်တို့ကို ပူဇော်ထားကြသည်။

ထိုနှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့အား သံဃာတော်များနှင့် ဗုဒ္ဓဂယာပုညသဟာယက စသော ဝတ်အသင်းသူအသင်းသားတို့ ရှိခိုးပူဇော်နိုင်ရန် ရှေးဆရာတော်တို့၏ ဘုရားရှိခိုး၊

http://www.dhammadownload.com



ဆုတောင်းအမျိုးမျိုးတို့ကို စီစဉ်ပေးရ၏၊ အထိမ်းအမှတ် အခါကြီး ရက်ကြီးများနှင့် အလှူဒါနပြုကြသောနေ့တို့၌ ယင်းနှစ်ကျိပ်ရှစ်ဆူ ဘုရာရှိခိုးတို့ဖြင့် ရှိခိုးပူဇော်ကြ၏၊ လှုရတနာ ကျောင်းဒါယကာကြီး ဦးရှမ်းသည် (၂၅-၇-၂၀၁၄) နေ့တွင် ထိုနှစ်ကျိပ် ရှစ်ဆူဘုရားရှိခိုးတို့ကို ဖတ်ရှုပြီးလျှင် အလွန် ကြည်ညိုဖွယ်ကောင်းသည့် ဘုရားရှိခိုးများဖြစ်၍ စာအုပ်ပြုလုပ်ထားလျှင် ပို၍အကျိုးများမည်ဖြစ်ကြောင်းကို လျှောက်ထားခဲ့လေသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများအား ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် မဟာဗောဓိ ညောင်ပင် ရွှေကျောင်းဆောင် အလှူရေစက်ချပွဲကို (၃-၈-၂၀၁၄) နေ့တွင် ကျင်းပမည် ဖြစ်ပါသည်၊ ထိုအလှူပွဲအထိမ်း အမှတ်အဖြစ် **"ကြီးပွားစေလို ဘုန်းရိပ်ခို"** ဟူသော ဤစာအုပ်ကို စီစဉ်ရပါသည်၊ စီစဉ်ရာတွင်---

(က) ကြီးပွားစေလို ဘုန်းရိပ်ခို၊

(ခ) မဟာဗောဓိပင်ဆိုင်ရာ မှတ်ဖွယ်၊

(ဂ) နှစ်ကျိပ်ရှစ်ဆူဘုရားများ ဝန္ဒနာ၊

(ဃ) ဧတဒဂ်ရ ရဟန္တာများ ဝန္ဒနာ-- ဟူ၍ (၄) ပိုင်းခွဲခြားလျက် စီစဉ်ထားပါသည်။

မဟာဗောဓိညောင်ပင်တော်နှင့် ဆက်စပ်လျက် ကုသိုလ်ပြုကြသူ ပါရမီရှင် အပေါင်းအားဌင်း၊ **"ကြီးပွားစေလို ဘုန်းရိပ်ခို"** ဟူသော ဤစာအုပ်ကို ဓမ္မဒါန အမတဒါန အဖြစ် လှူဒါန်းသော ရဟန်းအမကြီး ဒေါ်ခင်လေး (ဘိုကလေး) မိသားစုအားဌင်း၊ အထူး ကျေးဇူး တင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်ရပါ၏။ ဤဒုတိယအကြိမ်၌မှု ဦးစောကျော်လင်း+ဒေါ်နီ မိသားစုက ဓမ္မဒါန ဓမ္မပူဇာ ပြုကြပါ၏၊ ကြီးပွားလိုသူတိုင်း အရိပ် (၅) ပါးတို့တွင် အအေးမြဆုံးဖြစ်သော ဘုရားရိပ်နှင့် မဟာဗောဓိ ညောင်ပင်တရားရိပ် သံဃာရိပ် ကုသိုလ်ရိပ်တို့ကို ခိုလှုံကြပြီး လောကီလောကုတ္တရာ အကျိုးစီးပွားချမ်းသာတို့ကို ရရှိအောင် ဆောင်ရွက် နိုင်ကြပါစေ-ဟူ၍ ဆုမွန်ချွေရပါသည်။

အရှင်နာရဒါဘိဝံသ (လှုရတနာ)

(၈-၁၁-၂၀၁၅)

http://www.dhammadownload.com



# (က) ကြီးပွားစေလို ဘုန်းရိပ်ခို အပိုင်း

## ကုသိုလ်ရိပ်မှာ နားစို့ပါ

### စေတီ(၅)မျိုး ပြည့်စုံသော ဗောဓိပင်

ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ကြီး(၉)ကြီးစာရင်းဝင် မဟာမင်္ဂလာဘုရားကြီးနှင့် လှုရတနာကျောင်းရှေ့ ဥပစာ မဟာမင်္ဂလာပန်းခြံအတွင်းမှ မဟာဗောဓိညောင်ပင်တော်သည်ကား ကိုးကွယ်အားထားရာ စေတီ(၅)ဆူနှင့် ပြည့်စုံတော်မူပါပေ၏။ ပြည့်စုံတော်မူပုံမှာ ဤသို့ပါတည်း။ (၁) မဟာဗောဓိညောင်ပင်တော်သည် စေတီငါးဆူတွင် ပရိဘောဂစေတီဖြစ်သည်။ (၂) မဟာဗောဓိညောင်ပင်တော်၏ ပတ်ပတ်လည်တွင် ဆောက်လုပ်ထားသည့် အုတ်ပလ္လင်ရွှေကျောင်းဆောင်အတွင်း၌ သီတင်းသုံးတော်မူကြသည့် နှစ်ကျိပ်ရှစ်ဆူ ဘုရားတို့သည်ကား ဥဒ္ဒိဿ စေတီဖြစ်တော်မူကြ၏။ (၃) ထိုဘုရားရုပ်ပွားတော်တို့၏ ရှေ့တွင် အသီးသီး တည်ရှိကြသည့် ဓမ္မက္ခန္ဓာကျေးပြား တို့သည် ဓမ္မစေတီတို့ပင် ဖြစ်ကြ၏။ (၄) အုတ်ပလ္လင်နံရံတွင် ပူဇော်ထားသော ဗုဒ္ဓခြေတော်ရာမှာ ပါဒစေတီဖြစ်သည်။ (၅) ရွှေကျောင်းဆောင်တို့၏ အထက်တွင် တည်ထားသော သိဟိုဠ်ထူပါရုံပုံ စေတီတော်တို့မှာ ဓာတ်တော် မွေတော်တို့ကို ထည့်သွင်းဌာပနာထားသောကြောင့် ဓာတုစေတီတို့ ဖြစ်တော်မူကြ၏။ ဤသို့အားဖြင့် မဟာဗောဓိ ညောင်ပင်တော်မှာ စေတီ(၅)ဆူစလုံး ပြည့်စုံပါဝင်နေသဖြင့် ထူးခြားလှပေသည်။ထို့ကြောင့် သမိုင်းကျောက်စာရေး ပညာရှင်တို့က ဤမဟာဗောဓိညောင်ပင်တော်ကို-

**အဋ္ဌဝီသ ဗုဒ္ဓ ဘုတ္တံ၊ စတုစေတိယ မဏ္ဍိတံ၊**

**မာရဇိနော ဓမ္မဓမံ၊ ပရိဘောဂံ နမာမဟံ** - ဟူ၍ ချီးကျူးပူဇော်ထားကြခြင်းဖြစ်၏။

### အရိပ် (၅)မျိုး

လောကတွင် အပူဒဏ်ကိုကာကွယ်ပြီး အေးမြချမ်းသာမှုကိုပေးသော အရိပ်မှာ (၅)မျိုးရှိပေသည်။ထိုအရိပ်(၅)မျိုးမှာ **“ သုခါ ရုက္ခဿ ဆာယာစ ”** စသော လောကနီတိ

http://www.dhammadownload.com



ကျမ်းမှာ လာသည့်အတိုင်း (၁) သစ်ပင်ရိပ် (၂) မိဘဆွေမျိုးရိပ် (၃) ဆရာရိပ် (၄) မင်းရိပ် (၅) ဘုရားရိပ်တို့ဖြစ်ကြ၏။ ရှေးဆရာတို့၏ စကားတစ်ခွန်းမှာ-

**" ကြီးပွားစေလို ဘုန်းရိပ်ခို "** ဟူ၏။ ထိုစကား၏ အဓိပ္ပါယ်ကို မဟာသုတဒီပနီကျမ်းတွင် **" ကြီးပွားစေလို ဘုန်းရိပ်ခို"** ဟူသော စကားအရ ရဟန္တာကြီးများ၏ ဘုန်းရိပ်ကိုခို၍ အကျိုးစီးပွားချမ်းသာကို ရယူပါ-ဟူ၍ တိုက်တွန်းထားပြီး တေဒဂ်ရ ရဟန္တာကြီး (၆)ပါးဖြင့် ရယူနည်းကို ဖော်ပြထားပေသည်။

**" ကြီးပွားစေလို ဘုန်းရိပ်ခို "** ဟူသော ဤစာအုပ်၌ကား- အရိပ်(၅)မျိုးတွင် အအေးမြဆုံးအရိပ်ဖြစ်သော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့၏ ဂုဏ်တော်မျိုးစုံတို့ကို စုံလင်စွာဖော် ပြထားပါသည်။ဘုန်းတော်အနန္တဖြစ်သော ထိုနှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့၏ ဘုန်းရိပ်ကိုခိုလှုံ၍ အကျိုးစီးပွား ချမ်းသာဟူသမျှကို ရယူနိုင်ပေသည်။

ထို့အပြင် နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့သည် ဆိုင်ရာဆိုင်ရာ ဗောဓိပင်အောက်မှာပင် ရန်မျိုးစုံကို အောင်မြင်ပြီး၊ သစ္စာလေးပါးကို သိမြင်ကြလျှက် သဗ္ဗညုတဉာဏ်တော်ကို ရရှိကြကာ ဘုရားအဖြစ်သို့ ရောက်တော်မူကြရ၏။ သို့ဖြစ်၍ ဗောဓိပင်မှာလည်း ပူဇော်ထိုက်သော ဘုန်းတန်ခိုးရှိသဖြင့် ဘုရားရှင်သည် (၇)ရက်ပတ်လုံး မမှိတ်သော မျက်စိမျက်လုံးတော်ဖြင့် ဗောဓိပင်ကို ကြည့်ရှုလျှက် ပူဇော်ခဲ့ပေသည်။ ဤသို့ ဗောဓိပင်၏ ဘုန်းရိပ်ကို ခိုလှုံ၍ ဗောဓိပင်၏ ဂုဏ်တော်တို့ကို ဆင်ခြင်ပွားများခြင်းဖြင့် ချမ်းသာဟူသမျှကို ရယူနိုင်ပါသည်။

ဇင်းအပြင် မဟာသာဝက ရဟန္တာမထေရ်ကြီး အပါး(၈၀)တွင် ထူးခြားသော တေဒဂ်ဘွဲ့ဂုဏ်ထူးရသော ရဟန္တာအရှင်မြတ်တို့မှာ (၄၁)ပါးဖြစ်ကြ၏။ အဂ္ဂသာဝက ရဟန္တာမထေရ်မြတ်ကြီးနှစ်ပါးလည်း အပါအဝင်ဖြစ်သည်။ လှရတနာကျောင်းတွင် ထိုတေဒဂ်ဘွဲ့ဂုဏ်ထူးရသည့် ရဟန္တာ(၄၁)ပါးတို့ကို ကြေးဖြင့် သွန်းလောင်းလျှက် ပူဇော်ထားပါသည်။ ပထမ သင်္ဂါယနာတင်သည့် အခါမှာလည်း ထိုတေဒဂ်ဘွဲ့ဂုဏ်ထူးရသည့် ရဟန္တာအရှင်မြတ်ကြီးတို့ပင် ဦးဆောင်တင်တော်မူကြ၏။မဟာသာဝက တေဒဂ်ရ ရဟန္တာအရှင်မြတ်ကြီး (၃၉)ပါးတို့မှာ ကမ္ဘာတစ်သိန်း ကုသိုလ်ပါရမီဖြည့်ကြရပြီး အဂ္ဂသာဝက တေဒဂ်ရ ရဟန္တာကြီးနှစ်ပါးတို့မှာမူ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကုသိုလ်ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ကြရ၏။ သို့ဖြစ်၍ ထိုတေဒဂ်ရသည့် ရဟန္တာအရှင်မြတ်ကြီး(၄၁)ပါးတို့အား ဘုရားရှင်ကိုယ်တိုင် ဘွဲ့ဂုဏ်ထူးပေးသော တေဒဂ်ပါဠိတော်နှင့် ဥပ္ပါတသန္တိကျမ်းလာ ဆုတောင်းဂါထာ တို့ကို ရွတ်ဆိုပူဇော်ခြင်းဖြင့်လည်း သံဃာ့အရိပ်ကို ခိုလှုံကာ ချမ်းသာဟူသမျှကို ရယူနိုင်ပေသည်။

http://www.dhammadownload.com



## အအေးမြဆုံး အရိပ်

လောကီလူသားအားလုံး လာဘ,အလာဘ,ယသ,အယသ,သုခ,ဒုက္ခ,နိန္ဒာ,ပသံသာ ဟူသော လောကဓံ တရားများနှင့် ရင်ဆိုင်နေရပြီး ပင်ပန်းနွမ်းနယ် စိတ်ဓာတ်ကျနေချိန်တွင်-

**"လူတခု ပူမှုရယ်တ ဆယ်ကုဋေ ၊**
**ဘေးရန်စုံ ဖုံဖုံပွား များလှသလေ၊**
**လောကသားလူတွေမှာ အပူပြေကွာဝေး၊**
**မြတ်ဗုဒ္ဓဒေသနာနှင့် ရွှေဂါထာမန္တာန်**
**ရွတ်လျှင်ဖြင့် ကင်းလွတ်ပျောက်အေး "**

ဟူသော လေးချိုးကဗျာအတိုင်း ဘုရားရိပ်, တရားရိပ်, သံဃာရိပ်, ကုသိုလ်ရိပ်က ရင်ထဲအထိ အေးမြ ကြည်နူးသွားစေနိုင်ပါသည်။ စိတ်ဓာတ်ခွန်အားများလည်း ပြန်လည် ပြည့်ဝလာနိုင်ပါသည်။ ဘဝတွင် ရင်ထဲ, အသဲထဲ, အသွေးအသားထဲအထိ အေးမြအောင် အရိပ်အာဝါသ ပေးနိုင်သောအရာမှာ ဘုရားရိပ်, တရားရိပ်, သံဃာရိပ်, ကုသိုလ်ရိပ်ပင် ဖြစ်၏။ ထို့ကြောင့် အပူပေါသည့် လူ့လောကမှာ နေကြရသော မိမိတို့အဖို့ စေတီ(၅)ဆူနှင့် ပြည့်စုံသော မဟာဗောဓိညောင်ပင်မှာ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှု ပြုခြင်းဖြင့် အအေးမြဆုံးဖြစ်သည့် ဘုရားရိပ်၊ ဗောဓိပင်တရားရိပ်၊ သံဃာရိပ်ဟုဆိုအပ်သော ကုသိုလ်ရိပ်မှာ နားခိုနိုင်ကြပါစေ၊ ဘေးရန်အပူတွေ ကင်းဝေးကြပါစေ၊ စိတ်ချမ်းသာ အေးမြမှု ရကြပါစေ-ဟူ၍ ဆုတောင်းမင်္ဂလာ ပြုရပါ၏။

*အရှင်နာရဒါဘိဝံသ (လှုရတနာ)*

❀❀❀

**ရန်ကုန်မြို့, ဗဟန်း ပါဠိတက္ကသိုလ် ညောင်တုန်းတိုက် မဟာမင်္ဂလာဘုရားကြီးနှင့် လှုရတနာကျောင်းရှေ့**
**မဟာမင်္ဂလာ ပန်းခြံ၌ တည်ရှိသော**
**မဟာဗောဓိညောင်ပင်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားတို့၏ မဟာဗောဓိဝင် မော်ကွန်း**

ဗုဒ္ဓနှစ်-၂၅၅၈ မြန်မာနှစ်-၁၃၇၆ ခရစ်နှစ်-၂၀၁၄

### နမော ဗုဒ္ဓါယ သိဒ္ဓမ်

**အဋ္ဌဝီသ ဗုဒ္ဓဘုတ္တံ၊ စတုစေတိယ မဏ္ဍိတံ၊ မာရဇိနော ဝမ္ဗဝံ၊ ပရိဘောဂံ နမာမဟံ၊**

(က) မြတ်စွာဘုရားရှင်တို့ သစ္စာလေးပါးကို သိမြင်ရာ ဘုရားအဖြစ်သို့ ရောက်ရှိရာ အပင်ကို ဗောဓိပင်ဟုခေါ်သည်၊ ဂေါတမ မြတ်စွာဘုရားရှင်သည် ညောင်ဗုဒ္ဓဟေပင် အောက်၌ သစ္စာလေးပါးကို သိမြင်ခဲ့ရကား ညောင်ဗုဒ္ဓဟေပင်သည် ဗောဓိပင်ဖြစ်ရသည်၊ ထိုဗောဓိညောင်ပင်သည် ဘုရားရှင်နှင့် "ဖွားဘက်တော် သစ်ပင်"ဖြစ်သလို "အောင်မြေဌာန

http://www.dhammadownload.com



သစ်ပင်"လည်းဖြစ်သည်၊ ထို့အပြင် "မြတ်သော သစ်ပင်မင်း"နှင့် "ပရိဘောဂစေတီ" ထိုက်သော သစ်ပင်လည်းဖြစ်သည်၊ သာသနာတော်၌ ဗောဓိပင်သည် (၁) အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ "မူလမဟာဗောဓိပင်"၊ (၂) အိန္ဒိယနိုင်ငံ သာဝတ္ထိမြို့မှ "အာနန္ဒဗောဓိပင်"၊ (၃) သီရိလင်္ကာနိုင်ငံ အနုရာဓမြို့မှ "ဒက္ခိဏသာခါ ဗောဓိပင်" (သင်္ဃမိတ္တဗောဓိပင်)ဟူ၍ (၃)မျိုးရှိသည်။

(ခ) ဤဗောဓိပင်မှာ သီရိလင်္ကာနိုင်ငံ ဂေါလ်မြို့ ဘဒ္ဒန္တအဿဇိက (၉-၁၂-၂၀၁၀)နေ့တွင် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ဘဒ္ဒန္တသောဘဏ နှင့် လှုရတနာဘုန်းကြီး ဘဒ္ဒန္တနာရဒါဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာ ပြန်အကျော်၊ သ-စ-အ ဓမ္မာစရိယ၊ ဝင်္ဂသကာ၊ ပါဠိပါရဂူ)တို့အား လှူဒါန်းထားသော ဗောဓိပင်ဖြစ်သည်။

(ဂ) ဤဗောဓိပင်ကို (၁၂-၈-၂၀၁၁)သောကြာနေ့တွင် လှုရတနာဘုန်းကြီး သီရိလင်္ကာသံအမတ်ကြီးနှင့် ဘုရားအမ ဒေါ်လီလီမြင့်(အင်ပါယာ အလူမီနီယမ်) မိသားစုတို့က စိုက်ပျိုးကြသည်။

(ဃ) အများကောင်းမှု နှစ်ကျိပ်ရှစ်ဆူ ဘုရားတို့သည် "အောင်စေထွန်းသော် ဘုရားပေါ်၊ နယုန်းဆန်းဆယ် စနေကြွယ်"ဟူသည်နှင့်အညီ ၁၃၇၆-ခုနှစ် နယုန် လဆန်း(၁၀)ရက် စနေနေ့တွင် ညောင်တုန်းတိုက်သို့ ကြွလာတော်မူကြ၏၊ ဤနှစ်၌ပင် ကျောင်းတိုက်မှ တတိယမြောက် အဂ္ဂမဟာအကျော် ပေါ်ထွက်လာသည်။

(င) မဟာမင်္ဂလာပန်းခြံကို (၁၆-၆-၂၀၁၄)နေ့တွင် အကြီးစား မွမ်းမံစိုက်ပျိုး၍ (၁၉-၆-၂၀၁၄)နေ့တွင်မှ အုတ်ပလ္လင် ရွှေကျောင်းဆောင်အတွက် ပန္နက်တင် မင်္ဂလာ ကျင်းပကြ၏၊ အင်ဂျင်နီယာ ဦးစိုးလှိုင်အဖွဲ့က တည်ဆောက်သည်။

(စ) နှစ်ကျိပ်ရှစ်ဆူ ဘုရားတို့အား (၂၅-၆-၂၀၁၄)နေ့တွင် နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး ဘဒ္ဒန္တကုမာရာဘိဝံသ၊ တိုက်အုပ်နာယက နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသ အမှူးပြုသော ဆရာတော်တို့ အနေကဇာတင် ပူဇော်ကြသည်။

(ဆ) နှစ်ကျိပ်ရှစ်ဆူ ဘုရားတို့သည် (၂၇-၇-၂၀၁၄)နေ့တွင် မဟာဗောဓိ ညောင်ပင် ရွှေကျောင်းဆောင်သို့ ကြွရောက် သီတင်းသုံးတော်မူကြ၏။

(ဇ) ဓာတု-ဓမ္မ-ဥဒ္ဒိဿ-ပါဒ-အားဖြင့် စေတီ(၄)ဆူပါရှိသော ပရိဘောဂစေတီ မဟာဗောဓိညောင်ပင် အုတ်ပလ္လင် ရွှေကျောင်းဆောင်ကို (၃-၈-၂၀၁၄)နေ့တွင် ရေစက်သွန်းချ လှူဒါန်းကြ၏။

(ဈ) လှုရတနာဘုန်းကြီးသည် **"ကြီးပွားစေလို ဘုန်းရိပ်ခို"**စာအုပ်ကို ရေးသားလျက် ထိုရေစက်ချပွဲ၌ ဤမဟာဗောဓိညောင်ပင်ကို ဓမ္မဒါနဖြင့် ပူဇော်သည်၊ ကုသိုလ်ရှင်တို့သည် မဟာဗောဓိ ညောင်ပင်နှင့် ဆက်စပ်သော ကုသိုလ်ကံ စေတနာကြောင့်

http://www.dhammadownload.com



ဗောဓိယရဒါယကမထေရ်ကဲ့သို့ ပု-ဒိ-အာ နှင့် ပြည့်စုံရပါလို၏၊ ဤကုသိုလ်၏ အဖို့ဘာဂကို နတ်လူပြဟ္မာ သတ္တဝါအများအား ပေးဝေငှပါ၏၊ ဝမ်းမြောက်စွာ သာဓု(၃)ကြိမ် ခေါ်ကြပါစေကုန်သတည်း။ (သာဓု သာဓု သာဓု)

❁❁❁

## " ဗောဓိပင်နဲ့ ရွှေပလ္လင်"

(ခြေဆင်း) မဟာဗောဓိပင်နဲ့ တလံကွာပါသည် စကြာဝဠာငြိမ်သက်၍ မြက်ရှစ်ဆုပ်ကြဲတော် မူလေသည် ... တစ်ဆယ်နဲ့လေးတောင် ကျယ်ဝန်းပါသတဲ့-ပလ္လင်တော်ပေါ်ထွန်းလာခဲ့သည် ဘုရားမဖြစ်သမျှ ငါမထဟု,လုံ့လဥဿာဟတွေစုံညီ ဗောဓိပင်ရွှေပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေသည်။

ဘဂဝါဇိနအရှင် တဏှာရှိသမျှစင်တော်မူပြီ... အပရာဇိတ, ပလ္လင်ကိုတဲ့အောင်မြင်တော်မူသည် ... (ရပြီ) ၂ ဝဿဝတီ-အထက်ဆီက အစမွှချီတက်ပါလို့လက်နက်တွေကိုယ်စီ စစ်သည်များစွာ ထင်လင်းစုပါလို့ ပလ္လင်ကို အတင်းလုမလို့တဲ့ ဗိုလ်ထုနဲ့ကြံစည် တကယ်ဘဲ မကြောက်သည်-အပါယ်ငရဲရောက်မည် မှားလိုက်တဲ့ မာရ်နတ်သည်. . ဘဂဝါမြတ်ကို သတ် ဘို့ သူကြံစည်. .

အထက်ဘဝဂ်မှာ စုံညီ မာန်ဟုန်ချီ၊ အောက်နရက်ပါမကျန်ပြီ ဖန်လာသည်၊ (မာရ်နတ်မင်းမှာ စက်ဘုန်းအရောင်ရှိသည် သူ့ကိုယ်မှာလေ လက်ရုံးတစ်ထောင်ရှိသည်)၂ ဂေါတမ ဘုရားကို အသက်ဆုံးအောင်ဖိမလို့တဲ့ ရှိသမျှ သတ္တဝါတွေ အားလုံးစုသည် X သူ့ကိုယ်သူ လောကမှာ ဘုရားလို့ မတရားကြွေးကြော်သည် ... ဂေါတမအနားမှာ ဒေါသပွား၍ နေလေပြီ. . . . ။

(မာရ်နတ်သားကို တရားနဲ့အညီ မြတ်စွာဘုရားက မိန့်မြွက်ကာကြားသည်၊ ဂေါတမ မြတ်ဘုရားက မိန့်မြွက်ကာကြားသည်)၂ စောဘဂဝ-ဘဂဝါ ကေဝလံပစေတော့လို့ဝေဿန္တရာ ဘဝရယ်က- ဒါနပါရမီ ---- သွီးသားမယားနှင့် လှူချိန်ခါမှီ. . . ဘူမြေနှစ်လွှာ အသိမဟုတ်လော ဟု ဝိသုန္ဓရေမွှခန် အခြေလှစ်ပြန်တော့ မာန်ရစ်တဲ့ ရန်စစ်တွေသည် ဆံညှစ်ရေကြောမှာ မျောလေ သည်။

(ဝဋ္ဋာတသောင်း ပြဟ္မာအပေါင်း အောင်ကြောင်းကိုမှန်-ကြွေးကြော်ရပြန်လေသည်၊ ဗုဒ္ဓဘဂဝါ အရှင်ဘုရား စတတ္ထစျာန်ဝင်စားလို့ ပုဗ္ဗေနိဝါသခေါ်-ရွှေဉာဏ်မမွှကိုလ-ဇောန်ရပါ သတဲ့ ညဦးယာမ် ချိန်ခါမှီ ဒိဗ္ဗစက္ခုဉာဏ်ကို ထမ်းဆောင်ရန်သပ. . .

http://www.dhammadownload.com



သန်းခေါင်ယာမ် ကျပြန်တော့ ရတော်မူလေသည် . . .)[၂] ပရမေအရှင် ဆင်ခြင်ကာဖွား တရားတော်မြတ် ထင်ရှားသိပြီ၊ အလုံးစုံမယွင်း အကြွင်းလဲမရှိပြီ၊ ဝိသာခါနက္ခတ်နှင့်အညီ ရက်မြတ်တဲ့အချိန်ခါမှီ. . . ဘုရား အဖြစ်ကို ဧကန်စင်စစ်ရတော်မူလေပြီ . . .

ရေး-ရွှေတိုင်အေး

# (ခ) မဟာဗောဓိပင် အပိုင်း

### မဟာဗောဓိပင်ဆိုင်ရာ မှတ်ဖွယ်များ

### ဗောဓိပင် (၃)မျိုး

**ဗောဓိပင်**ဟူသည် ဘုရားရှင်တို့ သစ္စာလေးပါးကို သိမြင်ရာအရပ်ဌာန အပင်ကို ခေါ်သည်၊ သို့ဖြစ်၍ ဝိပဿီဘုရားရှင် သစ္စာလေးပါးကို သိမြင်ရာ အပင် အရပ်ဌာန ဖြစ်သော သခွတ်ပင်သည် ဝိပဿီဘုရားရှင်၏ ဗောဓိပင်ဖြစ်သည်၊ သိခီဘုရားရှင် အတွက် သရက်ဖြူပင်၊ ဝေဿဘူဘုရားရှင်အတွက် အင်ကြင်းပင်၊ ကကုသန် ဘုရားရှင် အတွက် ကုက္ကိုပင်၊ ကောဏာဂုမ်ဘုရားရှင်အတွက် ရေသဖန်းပင်၊ ကဿပဘုရားရှင် အတွက် ပညောင်ပင်ဖြစ်သည်၊ ဂေါတမဘုရားအတွက်ကား ညောင်ဗုဒ္ဓဟေပင် ဖြစ်သည်။

ဂေါတမဘုရားရှင်သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာအရပ်ဒေသရှိ ညောင်ဗုဒ္ဓဟေပင် အောက်၌ သစ္စာလေးပါးကို သိမြင်ခဲ့ရကား ညောင်ဗုဒ္ဓဟေပင်သည် ဗောဓိပင်ဖြစ်ရသည်၊ ၎င်းဗောဓိပင်ကို **"မူလမဟာဗောဓိပင်"**ဟု ခေါ်ရသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ အနာထပိဏ်သူဌေး စိုက်ပျိုးသော ဗောဓိပင်ကား အရှင်အာနန္ဒာမထေရ် စီစဉ် ညွှန်ကြား သည်ဖြစ်၍ **"အာနန္ဒာဗောဓိပင်"**ဟု တွင်သည်၊ သီရိလင်္ကာနိုင်ငံ အနုရာဓမြို့ရှိ ဗောဓိပင် ကိုမူ အိန္ဒိယနိုင်ငံမှ သင်္ဃမိတ္တာ ဘိက္ခုနီမ ပင့်ဆောင်လာသည်ဖြစ်၍ **"သင်္ဃမိတ္တာ ဗောဓိပင်"** ဟု ခေါ်ဝေါ်သည်၊ ၎င်းဗောဓိပင် (၃)ပင်မှ အဆင့်ဆင့် ပေါက်ပွားလာကြသော ညောင် ဗုဒ္ဓဟေပင်တို့လည်း ဗောဓိပင်ဟုပင် ခေါ်ရသည်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် မဟာမင်္ဂလာဘုရားကြီးရှေ့ ပန်းခြံအတွင်း၌ စိုက်ပျိုးသော ဗောဓိပင်မှာ သီရိလင်္ကာနိုင်ငံ သင်္ဃမိတ္တာဗောဓိပင်မှ ပေါက်ပွားလာသော ဗောဓိပင်ဖြစ်သည်၊ (၉၊ ၁၂၊ ၂၀၁၀)နေ့တွင် သီရိလင်္ကာနိုင်ငံ ဂေါဓမ္မရိပ်သာ ဘုန်းကြီး ဦးအဿဇိနှင့် သံအရာရှိ ဒေါ်နီမွလတို့က ညောင်တုန်းတိုက် သက်တော်ရှည် ဆရာတော်ကြီးနှင့် လှူရတနာဘုန်းကြီးအား လှူဒါန်းထားသော ဗောဓိပင် ဖြစ်သည်။

http://www.dhammadownload.com



## ဗောဓိညောင်ပင် ဂုဏ်ရည်များ

မဟာဗောဓိညောင်ပင်သည် ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ဖွားမြင်သော မဟာသက္ကရာဇ် (၆၈)ခုနှစ်၊ ကဆုန် လပြည့်နေ့၌ပင် ဗုဒ္ဓဂယာအရပ်ဒေသတွင် ပေါက်ရောက်လာသောကြောင့် ဘုရားရှင်နှင့် **"ဖွားဖက်တော် သစ်ပင်"** ဖြစ်ပေသည်၊ ထို့အပြင် ဘုရားလောင်း သိဒ္ဓတ္ထရဟန်းသည် မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့် ညနေချမ်း အချိန်တွင် ထိုမဟာဗောဓိညောင်ပင် အောက် အပရာဇိတ ပလ္လင်ထက်၌ပင် နေထိုင်လျက် ပါရမီဆယ်ပါး စွမ်းပကားဖြင့် မာရ်နတ်သားကို အောင်မြင့်ခဲ့၏၊ မိုးသောက်ယံ အာရုံတက်ချိန်၌မူ အရဟတ္တ မဂ်ဉာဏ်ဖြင့် ကိလေသာ အကုသိုလ် ရန်အပေါင်းကို ပယ်သတ်လျက် ဘုရားအဖြစ်သို့ ရောက်ရှိရလေသည်၊ သို့ဖြစ်၍ မဟာဗောဓိညောင်ပင်သည် ဘုရားရှင်၏ **"အောင်မြေဌာန သစ်ပင်"**လည်း ဖြစ်ရ သည်၊ ဒုတိယသတ္တာဟ (အနိမိသ သတ္တာဟ)၌ကား မြတ်စွာဘုရားရှင်သည် ရပ်တော် မူလျက် မမှိတ်သော မျက်လုံး တော်ဖြင့် မဟာဗောဓိညောင်ပင်ကို (၇)ရက် တိုင်တိုင် ကြည့်ရှုလျက် ပူဇော်ခဲ့၏၊ ထို့ကြောင့် မဟာဗောဓိညောင်ပင်သည် သစ်ပင်တကာတို့ထက် **"မြတ်သော သစ်ပင်မင်း"** ဖြစ်ရပြန်သည်၊ ဓာတု, ဓမ္မ, ဥဒ္ဒိဿ, ပရိဘောဂ, ပါဒအားဖြင့် စေတီ(၅)မျိုးတွင် **"ပရိဘောဂစေတီ"** ဖြစ်သည်။

## ဗောဓိညောင်ပင် ပူဇော်ရကျိုးများ

ထိုကဲ့သို့သော ဂုဏ်ရည်တို့နှင့် စုံညီပြည့်ဝသော မဟာဗောဓိညောင်ပင်ကို စိုက်ပျိုးလျက် ပူဇော်သောသူတို့သည် အသနဗောဓိယမထေရ်ကဲ့သို့ (၉၂)ကမ္ဘာ အပါယ်မလားပဲ စကြဝတေးမင်း (၆၄)ကြိမ်၊ သိကြားနတ်မင်း ကမ္ဘာ(၃၀)ပတ်လုံး ဖြစ်ရခြင်း၊ ဂေါတမဘုရားရှင် လက်ထက်၌ ရဟန္တာဖြစ်ရခြင်း အကျိုးတို့ကို ရရှိနိုင်ပေသည်၊ ညောင်ရေသွန်းလောင်းသူတို့သည်ကား ဂန္ဓောဒကိယမထေရ်ကဲ့သို့ ဖြစ်လေရာဘုံဘဝတွင် အနာရောဂါမဖြစ်ခြင်း၊ စိုးရိမ်သောက မရှိခြင်း၊ ပူပင်မှု ပရိဋ္ဌာဟ မဖြစ်ရပဲ ရဟန္တာဖြစ်ရခြင်း အကျိုးတို့ကို ရရှိနိုင်လေသည်။

## မဟာဗောဓိညောင်ပင် ရှိခိုး

ပါရမီဉာဏ်လက်နက် တရားစက်ဖြင့် ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ အစရှိသား မာရ်ငါးပါးကို အောင်မြင်ရာ၊ သစ္စာလေးဖြာကို သိမြင်ရာဖြစ်သော ဗုဒ္ဓဂယာ ရပ်ဒေသာရှိ မဟာဗောဓိ ပင်မကြီးမှ အသီးနှင့်ကိုင်းသား အဆက်ဆက် ဆောင်ခြင်း အားဖြင့် စိုက်ပျိုးလျက် ပေါက်ပွားလာကြ ကုန်သော ကွင်းမဲ့ဥသုံ အလုံးစုံကုန်သော မြို့အလီလီ ပြည်အသွယ်သွယ် နယ်တကာရှိ ဗောဓိတွင်ခေါ် အပင်တော် ဖြစ်ကြ ကုန်သော မူလမဟာဗောဓိပင်၊ အာနန္ဒာဗောဓိပင်၊ သယ်မိတ္တာဗောဓိပင် အစရှိကုန်သော အားလုံးကုန်သော ဗောဓိပင် ဟူသမျှတို့ကို တပည့်တော်သည် ဗောဓိပင်ဂုဏ်ထူး စိတ်ရည်စူး၍ ကြည်နူးရိုကျိုး ရှိခိုးပြီးလျှင် နံ့သာမွှေးကြိုင် ဆီမီးအလင်းတိုင် အစရှိသော လှူဖွယ်ဝတ္ထု၊ အစုစုတို့ဖြင့် ပူဇော်ပါ၏ဘုရား။

http://www.dhammadownload.com



## မဟာဗောဓိပင် ဘုရားရှိခိုးများ

## (က) အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ မူလမဟာဗောဓိပင် ဘုရားရှိခိုး

**၁။ ယဿ မူလေ နိသိန္နောဝ၊ ဗုဒ္ဓေါ အဇိနိ မာရကေ။**
**ပါရမီ ဉာဏတေဇေန၊ နမော တံ ဗောဓိ မုတ္တမံ။**

သစ္စာလေးပါး မြတ်တရားကို တွေးမှားမရှိ သိတော်မူပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ မာန်ငါးပါးကို လှံ့, ဓား မဆောင် ဉာဏ်တန်ဆောင်ဖြင့် အောင်ရာ အောင်ခင်း အကြင်ဗောဓိပင်မင်း၏၊ အမြစ်အရင်း သန့်ရှင်းညီညာ ရှေ့မျက်နှာ အရပ် အောင်ပလ္လင်နေရာမြတ်၌၊ ထက်ဝယ်ဖွဲ့ခွေ ခိုင်မြဲသော ဣန္ဒြေတို့ဖြင့် ထိုင်နေတော် မူလျက်သာလျှင်၊ ဒေဝ, ပုတ္တ, ကိလေသနှင့် အဘိသင်္ခါရ ခန္ဓ မစ္စု ငါးခုသောမာရ် တွင်းပရန်တို့ကို၊ ပါရမီဉာဏ်, ထက်သန်နူဘော် တန်ခိုးတော် အစွမ်းအားဖြင့် မိစ္ဆာရန်မှောင်ခွင်းလျက် ဝိဇ္ဇာဉာဏ် အရောင်လင်းအောင် အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ၊ မာရ်ငါးပါးကို လှံ့, ဓား မဆောင် ဉာဏ်တန်ဆောင်ဖြင့် အောင်ရာအမှတ် ထိုဗောဓိပင်မြတ်ကို ဝမ်းသာရွှင်မြူး လက်စုံဖူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား. . . .။

**၂။ ယဿ မူလေ နိသိန္နောဝ၊ သဗ္ဗာရိဝိဇယံ အကာ။**
**ပတ္တော သဗ္ဗညုတံ သတ္ထာ၊ ဝန္ဒေ တံ ဗောဓိပါဒပံ။**

နတ်လူပြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် မြေမြတ်ဦးခိုင် မဏ္ဍိုင်သီရိ အကြင်ဗောဓိ၏ ပါရမီအခြေ ရသဖြင့် မြေမှပေါ်လာ ရတနာခုနှစ်သွယ် စုံချယ်စီအပ်သည့် ပလ္လင်မြတ်၏ တည်လတ် ခင်းကျင်း ပင်ရင်းခြေ၌၊မင်္ဂဖိုလ်မရ ငါမထဟု ဆန္ဒလွှန်ကဲ လုံ့လမြဲ၍ အားခဲစိတ်ပါ ထိုင်နေတော်မူလျက်သာလျှင်၊ သင်္ခတ အသင်္ခတ ရှိသမျှအားလုံး သိမ်းကျုံးကုန်စင် သိမြင်တော်မူသော၊ ဘုရားရှင်အဖြစ်သို့ အလင်းဉာဏ် အမှန်ပေါက်သဖြင့် ပိုင်နိုင်စွာရောက်တော်မူလျက် ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ ခန္ဓမစ္စု ငါးခုမာရ်ဟူ ခပ်သိမ်းသော ရန်သူ အပေါင်းအား ထောင်းထောင်းညက်ညက် တိုက်ဖျက် အောင်မြင်တော်မူခြင်းကို အရဟတ္တမဂ် စိန်သံလျက်ဖြင့် ခုတ်ထွင်ဖြတ်ပိုင်း၍ အလိုရှိတိုင်း ပြုတော်မူလေပြီ၊ ဆိုးညစ်သည့်မာရ် ရန်ငါးတန်ကိုပယ်လှန်တိုက်လှဲ အောင်ပွဲရဝင် ထိုဗောဓိပင်ကို ရုပ်နာမ်နှစ်ခု ဓါတ်အစုကို ငါဟုသမုတ် အကျွန်ုပ်သည်၊ အောင်ရာအောင်ကြောင်း အောင်ဆုတောင်း၍ ဆယ်ချောင်း လက်စုံ ကြာပဒုံဖြင့်၊ ကြည်ယုံမြတ်နိုး ဦးထိပ်မိုးကာ ရှိခိုးပါ၏ အရှင်ဘုရား. . . .။

http://www.dhammadownload.com



## (ခ) သီရိလင်္ကာနိုင်ငံမှ သဃ်မိတ္တာဗောဓိပင် ဘုရားရှိခိုး

**၃။ ထေရိယာ အာဘတံ သောဘံ၊ ဒသေတ္ဝာ ပါဋိဟာရိယံ။**
**သုဝဏ္ဏဘာဇနေ ဝူဠှံ၊ ပရိဘောဂံ နမာမဟံ။**

ဓမ္မာသောက ရာဇမျက်ဖျော် သမီးတော်ဟု ထင်ပေါ်စွာလှ **"ရဟန္တာမ"** သည် ဆေးဒန်းမြင်းသီလာ ရေးသားကာဖြင့် ကောင်းစွာလေးမြတ် ပင့်ဆောင်အပ် ထသော၊ မြသားအရွက် သန္တာခက်သို့ ပြိုးပြက်ရွှန်းဝေ တင့်တယ်ပေထသော၊ ကောင်းကင်အထက် ပျံဝဲတက်၍ ခုနှစ်ရက်ပတ်လုံး အံ့မဆုံးအောင် စိန်တုံးမြခဲ ဖြန့်ကာကြဲသို့ ထူးကဲသော တန်ခိုးပြာဋိဟာကို ဖြတ်စဉ်စိုက်စဉ် အများမြင်အောင် ထင်ထင်ရှားရှား ပြတော်မူ၍၊ ဝိသကြုံနတ် ဖန်ဆင်းအပ်သည့် အရပ်ငါးတောင် အမြင့်ဆောင်၍ ကိုးတောင်ပတ်လယ် အကျယ်သုံးဟူ အထူရှစ်သစ် ဇမ္ဗူရာဇ်မျိုး ရွှေဖျဉ်းအိုး၌ ခက်မငါးသွယ် ခက်ငယ် တထောင် သံတောင်တဆယ် ဖြိုးမြင့်ကယ်လျက် အံ့ဘွယ်ထွေပြား မြရောင်ကြွား၍ စည်ကား ပေါက်ရောက်ထသော၊ ဒက္ခိဏသာခါ မဟာဗောဓိ အမည်ရှိသည့် **"ပရိဘောဂ"** စေတီတော်ကို ရတနာသုံးပါး နေ့စဉ်အားဖြင့် ဝပ်တွားကော်ရော် တပည့်တော်သည် သီဝံစခန်း ရည်ညွှန်တန်းလျက် ရွှင်လန်းသဒ္ဓါ တောင်းဆုမည်ပြုံး ကောင်းမှုတိုးအောင် ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား--။

## (ဂ) ဗောဓိပင် ဟူသမျှ ရှိခိုးရန်

**၄။ ပရမ္ဗရာဘတာနံ ဟိ၊ ဇယမဟာဗောဓိရုက္ခတော။**
**သမ္ဘူတံ ဗောဓိရုက္ခာနံ၊ နတ္ဝာန ပူဇယာ မဟံ။**

ပါရမီဉာဏ်လက်နက် တရားစက်ဖြင့် ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ အစရှိသား မာရ်ငါးပါးကို အောင်မြင်ရာ၊ သစ္စာလေးဖြာကို သိမြင်ရာဖြစ်သော ဗုဒ္ဓဂယာ ရပ်ဒေသာရှိ မဟာဗောဓိ ပင်မကြီးမှ အသီးနှင့် ကိုင်းသား အဆက်ဆက် ဆောင်ခြင်းအားဖြင့် စိုက်ပျိုးလျှက် ပေါက်ဖွားလာကြကုန်သော ကွင်းမဲ့ဥသုံ အလုံးစုံ ကုန်သော မြို့အလီလီ ပြည်အသွယ်သွယ် နယ်တကာရှိ ဗောဓိတွင်ခေါ် အပင်တော်ဖြစ် ကြကုန်သော မူလမဟာဗောဓိပင် အာနန္ဒဗောဓိပင် သဃ်မိတ္တာဗောဓိပင် အစရှိကုန်သော အားလုံးကုန်သော ဗောဓိပင်ဟူသမျှတို့ကို တပည့်တော်သည် ဗောဓိပင်ဂုဏ်ထူး စိတ်ရည်စူး၍ ကြည်နူးရိုကျိုး ရှိခိုးပြီးလျှင် နံ့သာမွှေးကြိုင် ဆီးမီးအလင်းတိုင် အစရှိသော လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် ပူဇော်ပါ၏ဘုရား. . . .။

(သာဓု-သာဓု-သာဓု)

http://www.dhammadownload.com



## နှစ်ကျိပ်ရှစ်ဆူ(၂၈) ဘုရားရှင်တို့၏ ဗောဓိပင်များ

၁။ တဏှင်္ကရာဘုရားရှင်သည် **စရည်းပင်၌** ပွင့်တော်မူသည်။

၂။ မေဓင်္ကရာဘုရားရှင်သည် **ပေါက်ပင်၌** ပွင့်တော်မူသည်။

၃။ သရဏင်္ကရာဘုရားရှင်သည် **သံသတ်ပင်၌** ပွင့်တော်မူသည်။

၄။ ဒီပင်္ကရာမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ညောင်ကြတ်ပင်** ဗောဓိ ဖြစ်၏။

၅။ ကောဏ္ဍညမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ သာလကလျာဏီခေါ် **ကြောင်လျှာပင်**(သို့မဟုတ်) **နံ့ပဲပင်** ဖြစ်၏။

၆-၇-၈-၉။ မင်္ဂလမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ ရေဝတမြတ်စွာဘုရား၊ သောဘိတမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ကံ့ကော်ပင်** ဗောဓိဖြစ်၏။

၁၀။ အနောမဒဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ထောက်ကြံ့(ဖောက်ကြံ့)ပင်** ဗောဓိဖြစ်၏။

၁၁-၁၂။ ပဒုမမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ကြောင်လျှာပင်** ဗောဓိဖြစ်၏။

၁၃။ပဒုမုတ္တရမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ထင်းရှူးပင်** ဗောဓိဖြစ်၏။

၁၄။ သုမေဓမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **တမာပင်** ဗောဓိဖြစ်၏။ (တချို့ကျမ်း၌ မအူကြီးပင်ဟု ပြ၏)

၁၅။ သုဇာတမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ကြခတ်ဝါးပင်** ဗောဓိဖြစ်၏။

ထိုကြခတ်ဝါးပင်သည် တခဲနက် ထူထဲပြည့်သိပ်သော ပင်စည်အသားရှိ၏၊ အရွက်များစွာထွက်သဖြင့် နေပြောက်ထိုးနိုင်ရန် အပေါက်မရှိပေ၊ ထိုဝါးပင်သည် ရှုချင်ဖွယ်ရာ စိတ်ထဲမှာ မွေ့လျော်နှစ်သက်စေနိုင်အောင် ဖြောင့်မတ် လုံးပတ်လည်း ကြီးမားလှပေ၏၊ ပင်ရင်းမှ ဝါးတလုံးတည်း တိုးပွားမြင့်တက်ကာ ထိုဝါးတလုံး ထည်းမှ တဖန် အခက်များ ခွဲဖြာ၍ ကောင်းစွာ ဖွဲ့စည်းထားသော ဒေါင်းမြီးစည်း ပမာ လွန်စွာတင့်တယ်လှပေ၏၊ ထိုဝါးပင်မှာ ဆူးများ လုံးဝမရှိသည့်ပြင် အခေါင်းလည်း များစွာမကျယ် (ပါသည်ဆိုရရုံမျှ) အခက်များသည် အရပ်လေး မျက်နှာ ပျံ့နှံ့ကာ တခက်နှင့်တခက် မကျဲသည့်အတွက် နှစ်သက်ဖွယ်ရာ အေးချမ်းပြည့်သိပ်သော အရိပ်နှင့်လည်း ပြည့်စုံပေ၏။

၁၆။ ပိယဒဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ရေခံတက်ပင်** (သို့မဟုတ်) **ဖောက်ကြံ့ပင်** ဗောဓိဖြစ်၏။

၁၇။ အတ္ထဒဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **စကားပင်** ဗောဓိ ဖြစ်၏။

၁၈။ ဓမ္မဒဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **မျက်နှာပန်းပင်** ဗောဓိဖြစ်၏။ (တချို့ကျမ်း၌ သံသတ်ပင်ဟု ပြ၏)

၁၉။ သိဒ္ဓတ္ထမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **မဟာလှေကားပန်းပင်** ဖြစ်၏။

http://www.dhammadownload.com



၂၀။ တိဿမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ပိတောက်ပင်** ဗောဓိဖြစ်၏။
၂၁။ ဖုဿမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ရှိရှားပင်** ဗောဓိဖြစ်၏။
၂၂။ ဝိပဿီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **သခွတ်ပင်** ဗောဓိဖြစ်၏။
၂၃။ သိခီမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **သရက်ဖြူပင်** ဗောဓိဖြစ်၏။
၂၄။ ဝေဿဘူမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ဧ...ကြင်းပင်** ဗောဓိဖြစ်၏။
၂၅။ ကကုသန်မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ကုက္ကိုပင်** ဗောဓိဖြစ်၏။
၂၆။ ကောဏာဂုံမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ရေသဖန်းပင်** ဗောဓိဖြစ်၏။
၂၇။ ကဿပမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ပညောင်ပင်** ဖြစ်၏။
၂၈။ ဂေါတမမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ **ညောင်ဗုဒ္ဓဟေပင်** (ညောင်နီပင်)ဗောဓိဖြစ်၏။

သစ္စာလေးပါးတရားကို သိမြင်တတ်သောကြောင့် မဂ်ဉာဏ်လေးပါးကို **"ဗောဓိ"**ဟူ၍ ခေါ်၏၊ ဉေယျတရားတို့ကို သိမြင်တတ်သောကြောင့် သဗ္ဗညုတဉာဏ်ကို **"ဗောဓိ"**ဟူ၍ ခေါ်၏၊ ထိုသစ္စာလေးပါးတရား၊ ဉေယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ရာအရပ်ဌာန နေရာဖြစ်သောကြောင့် ပွင့်တော်မူရာ သစ်ပင်ကိုလည်း **"ဗောဓိ"**ဟုခေါ်၏။ ဗုဇ္ဈတိ ဧတ္ထာတိ ဗောဓိဟု ဝိဂြိုဟ်ပြုရသည်။ (တိပိဋက မဟာဗုဒ္ဓဝင် ပတွဲ-ဒုပိုင်း)

### နှစ်ကျိပ်ရှစ်ဆူ(၂၈) ဘုရားရှင်တို့၏ ဗောဓိပင်များ

| | | |
|---|---|---|
| ၁။ | တဏှင်္ကရာမြတ်စွာဘုရားရှင် | = **စရည်းပင်** |
| ၂။ | မေဓင်္ကရာမြတ်စွာဘုရားရှင် | = **ပေါက်ပင်** |
| ၃။ | သရဏင်္ကရာမြတ်စွာဘုရားရှင် | = **သံသတ်ပင်** |
| ၄။ | ဒီပင်္ကရာမြတ်စွာဘုရားရှင် | = **ညောင်ကြွတ်ပင်** |
| ၅။ | ကောဏ္ဍညမြတ်စွာဘုရားရှင် | = **ကြောင်လျှာပင်** (သို့မဟုတ်) **နှံ့ပဲပင်** |
| ၆။ | မင်္ဂလမြတ်စွာဘုရားရှင် | = **ကံ့ကော်ပင်** |
| ၇။ | သုမနမြတ်စွာဘုရားရှင် | = **ကံ့ကော်ပင်** |
| ၈။ | ရေဝတမြတ်စွာဘုရားရှင် | = **ကံ့ကော်ပင်** |
| ၉။ | သောဘိတမြတ်စွာဘုရားရှင် | = **ကံ့ကော်ပင်** |
| ၁၀။ | အနောမဒဿီမြတ်စွာဘုရားရှင် | = **ထောက်ကြံ့ပင်** (သို့)**ဖောက်ကြံ့ပင်** |
| ၁၁။ | ပဒုမမြတ်စွာဘုရားရှင် | = **ကြောင်လျှာပင်** |
| ၁၂။ | နာရဒမြတ်စွာဘုရားရှင် | = **ကြောင်လျှာပင်** |
| ၁၃။ | ပဒုမုတ္တရမြတ်စွာဘုရားရှင် | = **ထင်းရှူးပင်** |
| ၁၄။ | သုမေဓမြတ်စွာဘုရားရှင် | = **တမာပင်** (သို့) **မအူကြီးပင်** |

http://www.dhammadownload.com



၁၅။ သုဇာတမြတ်စွာဘုရားရှင် = ကြခတ်ဝါးပင်
၁၆။ ပိယဒဿီမြတ်စွာဘုရားရှင် = ရေခံတက်ပင်(သို့)ဖောက်ကြံ့ပင်
၁၇။ အတ္ထဒဿီမြတ်စွာဘုရားရှင် = စကားပင်
၁၈။ ဓမ္မဒဿီမြတ်စွာဘုရားရှင် = မျက်နှာပန်းပင် (သို့) သံသတ်ပင်
၁၉။ သိဒ္ဓတ္ထမြတ်စွာဘုရားရှင် = မဟာလှေကားပန်းပင်
၂၀။ တိဿမြတ်စွာဘုရားရှင် = ပိတောက်ပင်
၂၁။ ဖုဿမြတ်စွာဘုရားရှင် = ရှိရှားပင်
၂၂။ ဝိပဿီမြတ်စွာဘုရားရှင် = သခွတ်ပင်
၂၃။ သိခီမြတ်စွာဘုရားရှင် = သရက်ဖြူပင်
၂၄။ ဝေဿဘူမြတ်စွာဘုရားရှင် = အင်ကြင်းပင်
၂၅။ ကကုသန်မြတ်စွာဘုရားရှင် = ကုက္ကိုပင်
၂၆။ ကောဏာဂုံမြတ်စွာဘုရားရှင် = ရေသဖန်းပင်
၂၇။ ကဿပမြတ်စွာဘုရားရှင် = ပညောင်ပင်
၂၈။ ဂေါတမမြတ်စွာဘုရားရှင် = ညောင်ဗုဒ္ဓဟေပင် (ညောင်နီပင်)

## ဗောဓိပင်ဆိုင်ရာ ပူဇော်ရကျိုးများ

### (က)ဗောဓိပင်ပူဇော်ရခြင်းအကျိုး

ဗောဓိပူဇာ၊ အကျိုးမှာကား၊ ပါယ်ရှာမှကင်း၊ စကြားမင်းဖြစ်၊ လေးသင်းပဋိသမ်၊ ခြောက်တန် ဘိညာ၊ ရှစ်ဖြာ သမာပတ်၊ ရရှိလတ်၊ မှတ်ကြ ဗောဓိပင် ပူဇော်ကျိုး။

### (ခ) ဗောဓိပင် စိုက်ပျိုးပူဇော်ရခြင်းအကျိုး

ဗောဓိပင်မျိုး၊ စိုက်ပျိုးကော်ရော်၊ ပူဇော်သူအား၊ မြတ်ဗရားကို၊ ညွတ်တွား ရိုကျိုး၊ ရှိခိုးပူဇော်၊ ဖူးမြော်သည်ပ၊ တူညီကြ၏၊ ပူဇဖလာ၊ ကျိုးကျဉ်းစွာကား၊ ကမ္ဘာသုံးဆယ်၊ နတ်ဝယ်မင်းဖြစ်၊ စံလစ်စကြဝတေး၊ ခြောက်ဆယ့်လေးကြိမ်၊ ဖြစ်ရေးတစ်ဖုံ၊ လူ့ဘုံဖြစ်လိုက်၊ နတ်ဘုံစိုက်နှင့်၊ စုံလိုက်ကျင်လည်၊ လေးမည်ပါယ်ရွာ၊ မရောက်ပါဘဲ၊ ရဟန္တာစစ်၊ ခုနစ်နှစ်ဖြင့်၊ ရလစ်အကျိုး၊ အမျိုးမျိုးကို၊ မျိုးရိုးဖြူစင်၊ သူတော်စင်တို့၊ ကြည်လင်ရွှင်ပျ၊ မှတ်ဖွယ်တည်း။

### (ဂ) ညောင်ရေ သွန်းလောင်းရကျိုး

ညောင်ရေသွန်းရ၊ ကျိုးဖလကား၊ ဒေဝနတ်ပြည်၊ ကြိမ်ဖန်တည်၍၊ လူ့ပြည် သို့လာ၊ လူဖြစ်ပါလည်း၊ ပါယ်ရွာလေးဝ၊ မသိကြဘူး၊ တစ်ဝစကြာ၊ မင်းချမ်းသာကား၊ ကမ္ဘာသုံးဆယ့်သုံး၊ ရှစ်ကြိမ်လုံးတည်း၊ အဆုံးပဋိသန်၊ ခြောက်တန်ဘိညာ၊ ရှစ်ဖြာ သမာပတ်၊ ရလတ် အရဟတ္တဖိုလ်၊ ကျမ်း၌ဆိုသည်၊ များဗိုလ်လူတို့ မှတ်ဖို့တည်း။

http://www.dhammadownload.com



## (ဃ) ဗောဓိပင် တံမြက်လှည်းရကျိုး

ဗောဓိပင်ကို၊ တံမြက်လှည်းမှု၊ ကျိုးအစုကား၊ နောက်ကျူစိတ်ကင်း၊ ဖြူခြင်းစင်ကြယ်၊ စိတ်ဝယ်ပူပန်၊ ပြောင်တံသောက၊ မသိရဘူး၊ ဖြစ်ကြနူနာ၊ အိုင်းအမာနှင့်၊ ယားနာပွေးဝဲ၊ ကပ်စွဲဝက်ရူး၊ မကူးမရှိ၊ သမာဓိစျာန်၊ ရပြန်တည်ငြိမ်၊ စိုးရိမ်ငိုကြွေး၊ တုန်လှုပ်ဘေးမှ၊ ကင်းဝေးဖြောင့်မတ်၊ တွေ့လတ်ဖုံဖုံ၊ ကောင်းအာရုံ၌၊ ဖြစ်ပုံမမက်၊ အမျက်ထွက်၌၊ ဖြစ်ချက်ကိုပယ်၊ တွေဝေဖွယ်မှာ၊ ကင်းမယ်မသွေ၊ ဉာဏ်ရွှေလွှမ်းမိုး၊ ဤအကျိုးကား၊ လှည်းမျိုးတံမြက်၊ အကျိုးဆက်တည်း၊ တစ်ချက်တစ်ဝ၊ ထိုခါစ၍၊ ဖြစ်ရတွေ့ရှိ၊ ဒုဂ္ဂတိကို၊ မသိဘယ်ခါ၊ သုံးဖြာဝိဇ္ဇာ၊ လေးဝသမ္ဘိ၊ ရှစ်လီဝိမောက္ခ၊ ခြောက်ဝဘိညာ၊ ရရှိလာသည်၊ မှတ်ပါ တံမြက်လှည်းကျိုးတည်း။ *(သဗ္ဗမင်္ဂလာ ဓမ္မဒေသနာကျမ်း)*

### ဗောဓိပင်

♦ ဗောဓိပင်ပျိုး၊ မငြင်ငြိုနှင့်။
ငြင်ငြိုဖျက်ဆီး၊ အမျက်ကြီးက။
ဖျက်ဆီးသူသာ၊ ပျက်စီးရာ၏။
♦ ဗောဓိပင်ကို၊ သဒ္ဓါပို၍
ကြည်ညိုကြသူ၊ များရှင်လူတို့။
စိတ်မူညွတ်ရာ၊ အဖြာဖြာရ။
ခုဘဝနှင့်၊ ဘဝနောင်ရေး။
အမှောင်ဝေး၍၊ အောင်အေးအမှန်။
မြတ်နိဗ္ဗာန်ထိ၊ ကောင်းကျိုးရှိသည်။
ဗောဓိပူဇာ အစွမ်းတည်း။

(ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်တွင် (၁၂၊ ၈၊ ၂၀၀၀) သောကြာနေ့၌ စိုက်ပျိုးထားသော ဒက္ခိဏသာခါ မဟာမင်္ဂလာ ဗောဓိညောင်ပင် တော်ကို ပညာရှင်များ ပူဇော်ထားကြသည့် လင်္ကာ)

### ညောင်တုန်းတိုက်က ဗောဓိပင် တေးထပ်

(က) ဗောဓိဉာဏ် ရရာမှ၊
မြတ်ဌာန ရွှေညောင်။
မာရ်မျိုးစုံကိုအောင်၊
ပြောင်ပါပေ ဥဒါန်း။
မဇ္ဈိမ မြေမဟာ၊
သေအချာ ထွန်းခဲ့ဇာတ်လမ်း။

http://www.dhammadownload.com



(ခ) ၎င်းမှ သီဟိုဠ်မြေ၊
ကြည်ညိုစေ ကြွလှမ်း။
သာသနာ ရောင်လျှမ်း၊
အောင်ပန်းကို ယူဆင်။
ဗောဓိပင် ညောင်ရွှေမြတ်၊
အောင်မြေဓာတ် ကူးပေါ့အစဉ်။

(ဂ) သီဟိုဠ်က ထေရ်အရှင်၊
ပြည်မြန်ခွင် ဆောင်ပင့်။
အောင်ခွင့်ယူရာမြေ၊
ညောင်တုန်းတိုက်ပေ။
အရှင်နာရဒ စိုက်ပျိုးလေသည်၊
မြတ်စိန္တေ ရည်မှန်းလို့လေး။ *ဇမ္ဗူမိတ္တ (ပေါက်ခေါင်း)*

# (ဂ) နှစ်ကျိပ်ရှစ်ဆူ ဘုရားများ အပိုင်း

*နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်တို့၏ ဘွဲ့နာမည်တော်များ*

၁။ **တဏှင်္ကရာဘုရားရှင်** ၂။ **မေဓင်္ကရာဘုရားရှင်** ၃။ **သရဏင်္ကရာဘုရားရှင်** ၄။ **ဒီပင်္ကရာဘုရားရှင်** ၅။ **ကောဏ္ဍညဘုရားရှင်** ၆။ **မင်္ဂလဘုရားရှင်** ၇။ **သုမန ဘုရားရှင်** ၈။ **ရေဝတဘုရားရှင်** ၉။ **သောဘိတဘုရားရှင်** ၁၀။ **အနောမဒဿီ ဘုရားရှင်** ၁၁။ **ပဒုမဘုရားရှင်** ၁၂။ **နာရဒဘုရားရှင်** ၁၃။ **ပဒုမုတ္တရဘုရားရှင်** ၁၄။ **သုမေဓဘုရားရှင်** ၁၅။ **သုဇာတဘုရားရှင်** ၁၆။ **ပိယဒဿီဘုရားရှင်** ၁၇။ **အတ္ထဒဿီဘုရားရှင်** ၁၈။ **ဓမ္မဒဿီဘုရားရှင်** ၁၉။ **သိဒ္ဓတ္ထဘုရားရှင်** ၂၀။ **တိဿဘုရားရှင်** ၂၁။ **ဖုဿဘုရားရှင်** ၂၂။ **ဝိပဿီဘုရားရှင်** ၂၃။ **သိခီဘုရားရှင်** ၂၄။ **ဝေဿဘူဘုရားရှင်** ၂၅။ **ကကုသန်ဘုရားရှင်** ၂၆။ **ကောဏာဂုံဘုရားရှင်** ၂၇။ **ကဿပဘုရားရှင်** ၂၈။ **ဂေါတမဘုရားရှင်**

### (၁) နှစ်ကျိပ်ရှစ်ဆူ ဂုဏ်တော် ဘုရားရှိခိုး

၁။ "အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပမေယျ သေဋ္ဌဇေဋ္ဌ အတုလပရမံ အရဟံ ဘဂဝါ သမ္မာသမ္ဗုဒ္ဓ အနုတ္တရ မာရဇိ တိလောကဂ္ဂဂုဏ် သယမ္ဘူ ဘဂဝါသရ" ဤသို့စသား အသင်္ချေယျ နာမ တံဆိပ် ဂုဏ်ဝိသိဋ္ဌဖြင့် ဇမ္ဗူဒိပ်မှတက်၍ ဘဝဂ်တိုင် ကြော်ငြာလျက်

http://www.dhammadownload.com



ကာမ, ရူပ, အရူပဟု ဩကာသ သုံးရပ် လောကဓာတ်၌ အမြတ်ထက်မြတ် သမုတ်အပ်သော လူနတ်ပြဟ္မာ မဟာကဝိန် သုခမိန်တို့သည် ပညိန္ဒြေရှိတိုင်းဖြင့် ခြားပိုင်းတွက်ကြံ၍ မဆုံး မကုန်နိုင် မကြံစည်နိုင် မအံ့ဩနိုင် ပြည့်လျှိုင်ထွေပြား၊ များပြား ကျယ်ဝန်းသော ကျေးဇူးတော်အပုံ "ဂုဏ်တော်အနန္တ, ဘုန်းတော်အနန္တ, ကံတော်အနန္တ, (ကောင်းကင်အနန္တ, စကြာဝဠာအနန္တ, သတ္တဝါ အနန္တအားဖြင့် ဤအနန္တ သုံးပါးတို့ကို စေ့စပ်စုံလင်စွာ ခွဲခြမ်းဝေဘန်၍ သိမြင်သော) ဉာဏ်တော်အနန္တ, (စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ) တန်ခိုးတော်အနန္တ"တို့နှင့် ပြည့်စုံတော်မူထသော-

၂။ အလွန်တရာ ပြုကျင့်နိုင်ခဲစွာသော ဒါနပါရမီစသော ပါရမီ (၁၀)ပါး-အပြား (၃၀)+အင်္ဂပရိစ္စာဂ-စသော စွန့်ခြင်းကြီး (၅) ပါး+ ဒါနစသော သင်္ဂဟဝတ္ထု (၄) ပါး+သစ္စာဓိဋ္ဌာန စသော အဓိဋ္ဌာန (၄)ပါး+လောကတ္ထစရိယ ဉာတတ္ထစရိယ ဗုဒ္ဓတ္ထစရိယ ဟု ဆိုအပ်သော စရိယ (၃) ပါး + ပုဗ္ဗယောဂ ပုဗ္ဗစရိယ ဓမ္မက္ခာန စသော အလုံးစုံသော ကုသိုလ်ကောင်းမှု + သဗ္ဗညုတဉာဏ်၏ အဆောက်အဦး ဖြစ်ကုန်သော ဘုရားအဖြစ်ကို ပြုတတ်ကုန်သော "ပုညသမ္ဘာရ + ဉာဏသမ္ဘာရ + ဗုဒ္ဓတ္တကရတရား" တို့ကို ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းဝယ် သုမေဓာရသေ့ဘဝဖြင့် ဘုရားအဖြစ်ကို ဆုတောင်း၍ နိယတဗျာဒိပ်ပန်းကို ဆင်မြန်းသည်မှ အစပြု၍ လေးအသင်္ချေ နှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဟာနဘာဂိယ, သံကိလေသဘာဂိယ, ဌိတိဘာဂိယ မဖြစ်စေပဲ ဥတ္တရုတ္တရိ ဝိသေသဘာဂိယ ဖြစ်ပွားအောင် သဗ္ဗသမ္ဘာရ + သက္ကစ္စ + နိရန္တရ + စိရကာလဘာဝနာ တို့ဖြင့် ပြည့်ကျင့်ဆည်းပူး ပြည့်စုံ တော်မူပြီးထသော-

၃။ စိတ်ညစ်ညူးကြောင်း အညစ်အကြေးဖြစ်ကုန်သော- ပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော နီဝရဏတရား ငါးပါးတို့ကို ပယ်စွန့်၍ သတိပဋ္ဌာန်တရား လေးပါးတို့၌ ကောင်းစွာထားအပ်သော စိတ်ရှိသည် ဖြစ်၍ ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ သဘောအားဖြင့် ပွားများပြီးလျှင် အတူမရှိ အမြတ်ဆုံးဖြစ်သော **"အရဟတ္တမဂ်ဉာဏ်+သဗ္ဗညုတ ဉာဏ်ဟု ဆိုအပ်သော သမ္မာသမ္ဗောဓိဉာဏ်"**ကို မျက်မှောက်ပြု ထိုးထွင်း၍သိမြင် ရရှိလျက် သဗ္ဗညုထွဋ်ထား ရှင်တော်မြတ်ဘုရားအဖြစ်သို့ ရောက်တော် မူထသော

၄။ ကြီးကျယ်ဖွံ့ဖြိုး အကျိုးများမြတ် ချီးမွမ်းပူဇော်အပ်သော ကရုဏာဓာတ်၌ မပြတ်အစဉ် ယှဉ်တော် မူသော **"မဟာ ကရုဏာရှင်"** ဖြစ်တော်မူထသော- ခပ်သိမ်းသော သင်္ခတ-အသင်္ခတတရား၊ သင်္ခါရ-ဝိကာရ-လက္ခဏ-နိဗ္ဗာန်-ပညတ်အားဖြင့် ဉေယျဓမ်တရား ငါးပါးဟု ဆိုအပ်သော ခပ်သိမ်းဉဿုံ အလုံးစုံသော တရားတို့ကို သိစရာ မှန်သမျှ မကျန်ရအောင် ထိုးထွင်း၍ သိမြင်တတ်သော **"သဗ္ဗညုတ ဉာဏ်ရှင်"** ဖြစ်တော်မူထသော-သိမ်မွေ့နက်နဲ ခက်ခဲသော တရားဒေသနာကို ဆန်းကြယ်သော နည်းတို့ဖြင့် ပေါ်လွင် ထင်ရှားအောင် ဟောကြားပြသတော် မူထသော-အဆုံးအပိုင်း အခြား

http://www.dhammadownload.com



မရှိသော ကမ္ဘာလောကဓာတ် စကြာဝဠာတို့၌ ဖြစ်ကုန်သော အဆုံးအပိုင်း အခြားမရှိသော သတ္တဝါအားလုံးတို့၏ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခို အားထားရာအစစ် ကယ်တင်ရှင် ဖြစ်တော်မူထသော-

၅။ လောကသုံးပါး၌ ပြဟ္မာနတ်လူတို့တွင် တူသောသူဟူ၍ မရှိစကောင်း လူနတ်ပြဟ္မာ သတ္တဝါ အပေါင်း တို့၏ ဦးခေါင်း ညွတ်လျှိုး ကိုးကွယ် ဆည်းကပ်ရာ မြတ်စွာဘုရား အချင်းချင်းသာလျှင် (၁) ပါရမီဖြည့်ကျင့်ရာ ကာလ (၂) အသက်တန်းပမာဏ (၃) ခန္ဓာကိုယ်, လုံးရပ်တော်ပမာဏ (၄)အမျိုးအနွယ် (၅) ဒုက္ကရစရိယာ ကျင့်ရာကာလ (၆) ရောင်ခြည်တော် ထွက်ရာပမာဏ (၇) တောထွက်သောအခါ စီးနင်းသည့်ယာဉ် (၈) ဗောဓိပင် (၉) ပလ္လင်တော် ပမာဏ=ဤကိုးမျိုးမှတစ်ပါး အလုံးစုံသော ဘုန်းတန်ခိုး အာနုဘော် ကျေးဇူးတော် ဂုဏ်တော်တို့မှာ တစုံတရာ ထူးထွေ ခြားနားခြင်း မရှိ၊ ရှေးရှေး သော ဘုရားရှင်တို့၏ အလားအလာအတိုင်း အလွန်တရာ ဖြစ်ပွင့်ခဲစွာဖြင့် ဖြစ်ပွင့်တော်မူလာသော-

သုံးလောကထွင်ရှားထား ဂေါတမရှင်တော်မြတ်ဘုရား အမှူးထား၍ = **“ဝိပဿီ ဘုရားရှင်, သိခီ ဘုရားရှင်, ဝေဿဘူ ဘုရားရှင်, ကကုသန် ဘုရားရှင်, ကောဏာဂုမ်ဘုရားရှင်, ကဿပ ဘုရားရှင်, ဂေါတမ ဘုရားရှင်”**ဟု ဆိုအပ်သော **ခုနစ်ဆူ**ကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ သေလ+ ဘာသ+ဇေယျ+ရစိ ဟုဆိုအပ်သော လေးအသချေ်နှင့် ကမ္ဘာတစ်သိန်း အတွင်း၌ ပွင့်သော= **“တဏှင်္ကရာ ဘုရားရှင်, မေဓင်္ကရာ ဘုရားရှင်, သရဏင်္ကရာဘုရားရှင်, ဒီပင်္ကရာဘုရားရှင်, ကောဏ္ဍညဘုရားရှင်, မင်္ဂလဘုရားရှင်, သုမနဘုရားရှင်, ရေဝတဘုရားရှင်, သောဘိတဘုရားရှင်, အနောမဒဿီဘုရားရှင်, ပဒုမဘုရားရှင်, နာရဒဘုရား ရှင်, ပဒုမုတ္တရ ဘုရားရှင်, သုမေဓဘုရားရှင်, သုဇာတဘုရားရှင်, ပိယဒဿီ ဘုရားရှင်, အတ္ထဒဿီဘုရားရှင်, ဓမ္မဒဿီဘုရားရှင်, သိဒ္ဓတ္ထဘုရားရှင်, တိဿဘုရားရှင်, ဖုဿဘုရားရှင်, ဝိပဿီဘုရားရှင်, သိခီဘုရားရှင်, ဝေဿဘူဘုရားရှင်, ကကုသန်ဘုရားရှင်, ကောဏာဂုမ် ဘုရားရှင်, ကဿပဘုရားရှင်, ဂေါတမ ဘုရားရှင်”**ဟု ဆိုအပ်ကုန်သော **နှစ်ကျိပ်ရှစ်ဆူ** (၂၈) ကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့အား ရိုသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

### (၂) မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး ဂါထာနိဿယ

(က) တဏှင်္ကရော မေဓင်္ကရော၊ အထောပိ သရဏင်္ကရော။
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊ ကောဏ္ဍညော ဒွိပဒုတ္တမော။

http://www.dhammadownload.com



(ခ) မင်္ဂလော စ သုမနော စ၊ ရေဝတော သောဘိတော မုနိ။
အနောမဒဿီ ပဒုမော၊ နာရဒေါ ပဒုမုတ္တရော။
(ဂ) သုမေဓော စ သုဇာတော စ၊ ပိယဒဿီ မဟာယသော။
အတ္ထဒဿီ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော လောကနာယကော။
(ဃ) တိဿော ဖုဿော စ သမ္ဗုဒ္ဓေါ၊ ဝိပဿီ သိခီ ဝေဿဘူ။
ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါ စာပိ ဂေါတမော။
(င) ဧတေ အဟေသုံ သမ္ဗုဒ္ဓါ၊ ဝီတရာဂါ သမာဟိတာ။
အနန္တဂုဏသမ္ပန္နေ၊ ဝန္ဒေ တေ ဒ္ဒိပဒုတ္တမေ။

၁။ **တဏှင်္ကရော**၊ ဝေနေယျများစွာ သတ္တဝါတို့၏ တဏှာရစ်မှေး ညစ်အကြေးကို လျှော်ဆေးသုတ်သင် ပယ်ဟန့်နိုင်၍ တဏှင်္ကရမည်တော်မူသော မြတ်စွာဘုရားသည် လည်းကောင်း။

၂။ **မေဓင်္ကရော၊** ဝေနေယျများ သောင်းတိုက်သားတို့၏ လေးပါးသစ္စာ ဉာဏ်ဝိဇ္ဇာကို လျှံဖြာထိန်လင်း ပွင့်စေလျှင်း၍ သုံးခင်းဘုံတွင် ကျော်စောထင်သော မေဓင်္ကရမည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း။ အထောပိ၊ ထိုးမှတပါးလည်း။

၃။ **သရဏင်္ကရော**၊ ဝေနေယျများ သောင်းတိုက်သားတို့ လေးပါးအပါယ် မကျတွယ်အောင် ကိုးကွယ်ရာမှု စောင့်ရှောက်ပြု၍ အတုမမြင် ကျေးဇူးတင်သား သရဏင်္ကရမည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း။

၄။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး ဉေ ယျင်္ဂါးကို ပိုင်းခြားကုန်စင် ထိုးထွင်းမြင်ပေသော။ **ဒီပင်္ကရော စ၊** ဒီပင်္ကရမည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း။

၅။ ဒ္ဒိပဒုတ္တမော၊ အခြေနှစ်ချောင်းရှိသူ နတ်လူပြဟ္မာသတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကဲ အထူးသဖြင့် မြင့်မြတ်တော်မူထသော။ **ကောဏ္ဍညော**၊ နွယ်တော်ဝံသ ကောဏ္ဍညဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်း ကောင်း။

၆။ **မင်္ဂလော စ**၊ တသောင်းသင်္ချာ စက္ကဝါဠ၌ လျှံဖြာထွန်းလျှော် နေဝန်းပေါ်သို့ ကိုယ်တော်ရောင်ပ မင်္ဂလဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း။

၇။ **သုမနော စ**၊ နှုန်းလျှော်ရွှေတောင် ကိုယ်တော်ရောင်နှင့် ဉာဏ်ရောင်ထွန်းပ သုမနဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားလည်းကောင်း။

၈။ **ရေဝတော**၊ တယူဇနာ ရပ်ဒိသာဝယ် မကွာနေ့ညဥ့် ဖူးတိုင်းတင်သား မိုးနှင့်ရေပြင် မြေတခွင်၌ ရောင်ရှင်ထွန်းပ ရေဝတဟု နာမထင်ရှား ရှင်တော်မြတ် ဘုရားသည်လည်းကောင်း။

၉။ **သောဘိတော မုနိ**၊ ရွှေအင်ကြင်းပင် ကဲ့အသွင်သို့ ဝန်းကျင်ဆယ်ရပ် ရွှေရောင်ဟပ်သား လျှောက်ပတ်တင့်တယ် သပ္ပာယ်လျှံပ သောဘိတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း။

http://www.dhammadownload.com



၁၀။ **အနောမဒဿီ**၊ ရွှေနောက်ဝဲယာ ဖူးတိုင်းသာလျှင် မင်္ဂလာလျှံပြော ကြည်ဖွယ် ပေါ်သား အနောမဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း။

၁၁။ **ပဒုမော**၊ မဟာပဒုံ ကြာဝတ်မှုန်သို့ ဘုန်းဂုဏ်ရနံ့ ဘဝဂ်နှံ့အောင် သင်းပျံ့လျှံကြူ စံမတူသား သယမ္ဘူဇိန ပဒုမဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း။

၁၂။ **နာရဒေါ**၊ ယူဇနာတစ် ဝန်းကျင်ခေတ်ဝယ် သစ်သစ်ထွန်းပြောင် နေရာထောင်သို့ ကိုယ်ရောင်ကိန်းပ နာရဒဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း။

၁၃။ **ပဒုမုတ္တရော**၊ အံ့ဖွယ်ထူးဆန်း ကြာရွှေပန်းလျှင် ကွန့်မြန်းစကြာ ကြွတိုင်း ပါသား ယူဇနာဆယ့်နှစ် ခရိုင်ခေတ်ဝယ် ထွန်းသင်ရောင်ဟုန် လွှမ်းအုပ်ခြုံ၍ ပဒုမုတ္တရ နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း။

၁၄။ **သုမေဓော**၊ တယူဇနာ ရပ်မျက်နှာဝယ် ရောင်ဝါလျှံပ သုမေဓဟု နာမထင်ရှား ရှင်တော်မြတ်ဘုရား သည်လည်းကောင်း။

၁၅။ **သုဇာတော**၊ ငါးဆယ်သံတောင် ကိုယ်ရပ်ဆောင်သား ရွှေတောင်နှိုင်းပြ သုဇာတဟု နာမထင်ရှား ရှင်တော် မြတ်ဘုရားသည်လည်းကောင်း။

၁၆။ မဟာယသော၊ များမြတ်ခြွေရံ ကျော်စောသံရှိတော်မူပေထသော။ **ပိယဒဿီ**၊ လုံးစုံလောက ဟူသမျှကို အမတသုခိ ဖြန့်ဝေချီသား ပိယဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း။

၁၇။ **အတ္ထဒဿီ**၊ ဝေနေယျများ သောင်းတိုက်သားတို့၏ စီးပွားကိုသာ ရှုမျှော်ကာဖြင့် တယူဇနာတိုင်လတ် ကိုယ်တော်ဟပ်သား အတ္ထဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း။

၁၈။ **ဓမ္မဒဿီ**၊ အကျိုးဖြစ်ရန် အကြောင်းမှန်ကို ဖန်ဖန်နိစ္စ ရှုမြင်ထသား ဓမ္မဒဿီ ဘွဲ့မင်ထင်ရှား ရှင်တော်မြတ် ဘုရားသည်လည်းကောင်း။

၁၉။ လောကနာယကော၊ လောကသုံးပါး၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူပေထသော။ **သိဒ္ဓတ္ထော**၊ သောင်းတိုက်ဗိုလ်ခြေ များဝေနေတို့၏ အောင်မြေစိုးရန် အကျိုးမှန်ကို ဖန်ဖန်မလပ် ပြီးစေတတ်သား သိဒ္ဓတ္ထခေါ် မြတ်ဇိနေ်ာသည် လည်းကောင်း။

၂၀။ **တိဿော စ** သမ္ဗုဒ္ဓေါ၊ သုံးဘုံရပ်သူ နတ်နှင့်လူကို ခေငူရိပ်သာ ရောက်စိမ့်ဌာဟု မကွာနေ့ည ပို့ဆောင်သသား တိဿတွင်ခေါ် မြတ်ဇိနေ်ာသည်လည်းကောင်း။

၂၁။ **ဖုဿော စ** သမ္ဗုဒ္ဓေါ၊ ဝေနေယျကြာ ပဒုမ္မာကို သစ္စာလေးထွေ လင်းပွင့်စေသဖြင့် နေအာဒိစ္စ နှိုင်းပုံပြသား ဖုဿတွင်ခေါ် မြတ်ဇိနေ်ာသည်လည်းကောင်း။

၂၂။ **ဝိပဿီ**၊ ခုနှစ်ယူဇနာ သမန္တာဝယ် ခြောက်ဖြာရောင်ဓာတ် ခြည်လျှံဟပ်သား ဝိပဿီခေါ် မြတ်ဇိနေ်ာသည် လည်းကောင်း။

http://www.dhammadownload.com



၂၃။ **သိခီ၊** ယူဇနာသုံးရပ် မိုးမြေစပ်အောင် ထိန်လျှပ်ရောင်ခြည် လင်းလင်း စည်သား သိခီတွင်ခေါ် မြတ်ဇိနော်သည် လည်းကောင်း။

၂၄။ **ဝေဿဘူ၊** ငါးချက်သောမာရ် တွင်းပရန်ကို တွန်းလှန်ထိန့်ဆူ အောင်ပွဲ ယူသား ဝေဿဘူခေါ် မြတ်ဇိနော် သည်လည်းကောင်း။

၂၅။ **ကကုသန္ဓော၊** ဆယ်နှစ်မှန်စွာ ယူဇနာဝယ် ဗကြွာနိစ္စ ရောင်လျှံပသား ကကုသန်ခေါ် မြတ်ဇိနော်သည်လည်းကောင်း။

၂၆။ **ကောဏာဂမနော၊** ဘဒ္ဒမည်သာ ဤကမ္ဘာဝယ် ဒုတိယာဒိစ္စ ပွင့်ထွန်းပသား ကောဏာဂုံခေါ် မြတ်ဇိနော်သည်လည်းကောင်း။

၂၇။ **ကဿပေါ်စာပိ၊** နွယ်တော်ဝံသ ကဿပဟု နာမထင်ရှား ရှင်တော်မြတ် ဘုရားသည်လည်းကောင်း။

၂၈။ **ဂေါတမော၊** မဟာသမ္မတ အာဒိစ္စဂိုဏ်း ကွန့်ခဲ့လှိုင်း၍ အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ဂေါတမဟု လောကတန်ဆောင် မြတ်ဘုန်းခေါင်သည် လည်းကောင်း။

ဝီတရာဂါ၊ တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာလွတ်ရှင်း ရာဂကင်းတော် မူကြပေကုန်သော။ သမာဟိတာ၊ လောကဓံလေ့ မုန်းတိုင်းမွှေ့လည်း မရွေ့မယိုင် ကျောက်စာတိုင်သို့ ကြံ့ခိုင်သောစိတ်နှလုံးရှိတော်မူကြပေကုန်သော။ ဧတေ သမ္ဗုဒ္ဓါ၊ သစ္စာလေးဝ ဥေ ယျငါးပုံ တရားစုံကို အံ့ကုန်မကြွင်း လင်းလင်းထင်ထင် သိမြင်တော်မူကြ ပေကုန်သော နှစ်ကျိပ် ရှစ်ဆူ သယမ္ဘူထွတ်ထား ထိုမြတ်စွာဘုရားတို့သည်။ အဟေသုံ၊ သခေျလေးဖြာ သိန်းကမ္ဘာဟု အခါစာရင်း ဤအတွင်းဝယ် ကောင်းတင်းလှိုက်ဆူ ပွင့်တော်မူကြလေကုန်ပြီ။

အနန္တဂုဏာသမ္ပန္နေ၊ ဤရွေ့ဤမျှ ဂဏန်းချ၍ မှန်းဆမကုန် အနန္တကျေးဇူး ဂုဏ်နှင့် ပြည့်စုံတော်မူကြပေကုန်သော။ ဒွိပဒုတ္တမေ၊ အခြေနှစ်ချောင်းရှိသူ နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆက်ထက်လွန်ကျူး အထူးသဖြင့် မြတ်တော် မူကြကုန်သော။ တေ သမ္ဗာသမ္ဗုဒ္ဓေ၊ တဏှင်္ကရာ မြတ်စွာဘုရားအစ ဂေါတမမြတ်စွာ ဘုရားအဆုံး ပေါင်းရုံးတွက်စိတ် နှစ်ကျိပ်ရှစ်ဆူ သယမ္ဘူထွတ်ထား ထိုမြတ်စွာဘုရားတို့ကို။ ဝန္ဒေ-ဝန္ဒာမိ၊ မဟာရဟ ပလ္လင်ဟု သာသနာ့ရိပ်သာ ဤနေရာသို့ စကြာကွန့်လူ ပင့်ဆောင်ယူလျက် ပူဇော်ဖွယ်မှု အစုစုဖြင့် ရှေ့ရှုညီညာ ဤအခါဝယ် ကြည်သာမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ မြတ်စွာဘုရား . . . မြတ်စွာဘုရား။

http://www.dhammadownload.com

## (၃) လယ်တီဆရာတော်ကြီး ရေးသားတော်မူသော နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးကြီး (စက်ပရိတ် ပါဠိ)

၁။ တဏှင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၂။ မေဓင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၃။ သရဏင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၄။ ဒီပင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၅။ ကောဏ္ဍညော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၆။ မင်္ဂလော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၇။ သုမနော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၈။ ရေဝတော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၉။ သောဘိတော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၁၀။ အနောမဒဿီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၁၁။ ပဒုမော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၁၂။ နာရဒေါ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၁၃။ ပဒုမုတ္တရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၁၄။ သုမေဓော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

http://www.dhammadownload.com



၁၅။ သုဇာတော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၁၆။ ပိယဒဿီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၁၇။ အတ္ထဒဿီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၁၈။ ဓမ္မဒဿီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၁၉။ သိဒ္ဓတ္ထော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၂၀။ တိဿော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၂၁။ ဖုဿော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၂၂။ ဝိပဿီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၂၃။ သိခီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၂၄။ ဝေဿဘူ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၂၅။ ကကုသန္ဓော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၂၆။ ကောဏာဂမနော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၂၇။ ကဿပေါ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။
၂၈။ ဂေါတမော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဗုဒ္ဓိ အနန္တဇုတိ။

## နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီး

၁။ အနန္တပုညာ — အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ပုညစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

http://www.dhammadownload.com



၂။ အနန္တဂုဏာ — အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဂုဏစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

၃။ အနန္တဉာဏာ — အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဉာဏစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

၄။ အနန္တတေဇာ — အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ တေဇစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

၅။ အနန္တဣဒ္ဓိမန္တာ — အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဣဒ္ဓိစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

၆။ အနန္တဇုတိမန္တာ — အဋ္ဌဝီသတိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဇုတိစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

၇။ အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊ ဣဒ္ဓိမန္တော ဇုတိန္ဓရာ။
ဣဒ္ဓိယာ ဇုတိယာ တေသံ၊ အန္တရာယာ သမေန္တု မေ။

၈။ သဗ္ဗေ ဒူရေ ပလာယန္တု၊ ပိသာစ ယက္ခရက္ခသာ။
သမ္မာ ဒေဝါ ပဝေသန္တု၊ မောဒန္တု သုခိတာ ဇနာ။

## (၄) နှစ်ကျိပ်ရှစ်ဆူ ဂုဏ်တော်ပေါင်းချုပ် ဘုရားရှိခိုး

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အနန္တ၊ ဇေယ္ယ၊ သေယ္ယ၊ အတုမရှိ အတိုင်းမသိသော ကျေးဇူးတော် တန်ခိုးတော် ဂုဏ်တော် အပေါင်း၏ တည်ရာစုဝေးရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

(၁) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် **(တဏှင်္ကရာ)** မြတ်စွာဘုရားကိုယ်တော်။

(၂) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် **(မေဓင်္ကရာ)** မြတ်စွာဘုရားကိုယ်တော်။

(၃) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် **(သရဏင်္ကရာ)** မြတ်စွာဘုရားကိုယ်တော်။

(၄) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် **(ဒီပင်္ကရာ)** မြတ်စွာဘုရားကိုယ်တော်။

http://www.dhammadownload.com



(၅) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ကောဏ္ဍည**) မြတ်စွာဘုရားကိုယ်တော်။

(၆) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**မင်္ဂလ**) မြတ်စွာဘုရားကိုယ်တော်။

(၇) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**သုမန**) မြတ်စွာဘုရားကိုယ်တော်။

(၈) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ရေဝတ**) မြတ်စွာဘုရားကိုယ်တော်။

(၉) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**သောဘိတ**) မြတ်စွာဘုရား ကိုယ်တော်။

(၁၀) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**အနောမဒဿီ**) မြတ်စွာဘုရားကိုယ်တော်။

(၁၁) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ပဒုမ**) မြတ်စွာဘုရားကိုယ်တော်။

(၁၂) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**နာရဒ**) မြတ်စွာဘုရားကိုယ်တော်။

(၁၃) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ပဒုမုတ္တရ**) မြတ်စွာဘုရားကိုယ်တော်။

(၁၄) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သုမေဓ**) မြတ်စွာဘုရားကိုယ်တော်။

(၁၅) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သုဇာတ**) မြတ်စွာဘုရားကိုယ်တော်။

http://www.dhammadownload.com



(၁၆) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ပိယဒဿီ**) မြတ်စွာဘုရား ကိုယ်တော်။

(၁၇) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**အတ္ထဒဿီ**) မြတ်စွာဘုရား ကိုယ်တော်။

(၁၈) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ဓမ္မဒဿီ**) မြတ်စွာဘုရား ကိုယ်တော်။

(၁၉) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သိဒ္ဓတ္ထ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၀) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**တိဿ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၁) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဖုဿ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၂) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဝိပဿီ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၃) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သိခီ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၄) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ဝေဿဘူ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၅) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ကကုသန်**) မြတ်စွာဘုရား ကိုယ်တော်။

(၂၆) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ကောဏာဂုံ**) မြတ်စွာဘုရား ကိုယ်တော်။

http://www.dhammadownload.com



(၂၇) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ကဿပ**) မြတ်စွာဘုရား ကိုယ်တော်။

(၂၈) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဂေါတမ**) မြတ်စွာဘုရားကိုယ်တော်။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**တဏှင်္ကရာ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**မေဓင်္ကရာ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**သရဏင်္ကရာ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဒီပင်္ကရာ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**ကောဏ္ဍည**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**မင်္ဂလ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**သုမန**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ရေဝတ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**သောဘိတ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**အနောမဒဿီ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ပဒုမ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**နာရဒ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ပဒုမုတ္တရ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**သုမေဓ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**သုဇာတ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ပိယဒဿီ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**အတ္ထဒဿီ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဓမ္မဒဿီ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**သိဒ္ဓတ္ထ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**တိဿ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဖုဿ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဝိပဿီ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**သိခီ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဝေဿဘူ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ကကုသန်**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ကောဏာဂုံ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ကဿပ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဂေါတမ**) မြတ်စွာဘုရားကိုယ်တော် မြတ်ကြီးတို့အား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

ဤနှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ ဦးခေါင်းထက်၌ အမြဲတည်ကြပါစေ ကုန်သတည်း။

ဤနှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ ဝဲ-ယာနှစ်ဘက် ပုခုံးထက်၌ အမြဲ တည်ကြပါစေကုန်သတည်း။

ဤနှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ အဆုတ်၊ အသဲ၊ နှလုံးထဲ၌ အမြဲ တည်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



## (၅) နှစ်ကျိပ်ရှစ်ဆူ မဟာဗုဒ္ဓဝင် ဘုရားရှိခိုးကြီး

၁။ **တဏှင်္ကရာဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် ပုပ္ဖဝတီမြို့တော် ခမည်းတော် သုနန္ဒမင်း မယ်တော် သုနန္ဒာတို့မှ ဖွားမြင်ကာ (၇)ရက် ဒုက္ကရစရိယာကျင့်ပြီး စရည်းပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

၂။ **မေဓင်္ကရာဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်းတန်းတွင် ယဃရမြို့တော် ခမည်းတော် သုဒေဝမင်း မယ်တော် ယသော်ဓရာတို့မှ ဖွားမြင်ကာ (၁၅)ရက် ဒုက္ကရစရိယာကျင့်ပြီး ပေါက်ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

၃။ **သရဏင်္ကရာဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်း တန်းတွင် ဝိပုလမြို့တော် ခမည်းတော် သုမင်္ဂလ မယ်တော် ယသဝတီတို့မှ ဖွားမြင်ကာ တစ်လ ဒုက္ကရစရိယာကျင့်ပြီး သခွပ်ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

၄။ **ဒီပင်္ကရာဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် ရမ္မဝတီမြို့တော် ခမည်းတော် သုဒေဝမင်း မယ်တော် သုမေဓာတို့မှ ဖွားမြင်ကာ မိဖုရား ပဒုမာဒေဝီနှင့် လက်ဆက်၍ သားတော် ဥသဘက္ခန္ဓမင်းသား မွေးဖွားလာသောအခါ ဆင်ယဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၁၀)လကျင့်ပြီး ညောင်ကြပ်ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

၅။ **ကောဏ္ဍညဘုရားရှင်**သည် သာရကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် ရမ္မဝတီမြို့တော် ခမည်းတော် သုနန္ဒမင်း မယ်တော် သုဇာတာတို့မှ ဖွားမြင်ကာ မိဖုရား ရုစိဒေဝီနှင့် လက်ဆက်၍ သားတော် ဝိဇိတသေနမင်းသား မွေးဖွားလာ သောအခါ ရထားယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၁၀)လကျင့်ပြီး နပဲပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၆။ **မင်္ဂလဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်းတန်းတွင် ဥတ္တရမြို့တော် ခမည်းတော် ဥတ္တရမင်း မယ်တော် ဥတ္တရာတို့မှ ဖွားမြင်ကာ မိဖုရား ယသဝတီနှင့် လက်ဆက်၍ သားတော် သီလဝမင်းသား မွေးဖွားလာ သောအခါ မြင်းယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး ကံ့ကော်ပင်အောက်တွင် ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၇။ **သုမနဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်းတန်းတွင် မေခလမြို့တော် ခမည်းတော် သုဒတ္တမင်း မယ်တော် သီရိမာတို့မှ ဖွားမြင်ကာ မိဖုရား ဝဋံသိကာနှင့် လက်ဆက်၍ သားတော် အနုပမမင်းသား မွေးဖွားလာသောအခါ

http://www.dhammadownload.com



ဆင်ယာဉ်စီးလျက် တောထွက်တော်မူကာ (၁၀)လ ဒုက္ကရစရိယာကျင့်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၈။ **ရေဝတဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၆)သောင်းတန်းတွင် သုဓညဝတီမြို့တော် ခမည်းတော် ဝိပုလမင်း မယ်တော် ဝိပုလာတို့မှ ဖွားမြင်ကာ မိဖုရား သုဒဿနာနှင့် လက်ဆက်၍ သားတော် ဝရုဏမင်းသား မွေးဖွားလာသောအခါ ရထားယာဉ်စီးလျက် တော်ထွက်တော်မူကာ ဒုက္ကရစရိယာ (၇)လကျင့်ပြီး ကံ့ကော်ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၉။ **သောဘိတဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်းတန်းတွင် သုဓမ္မမြို့တော် ခမည်းတော် သုဓမ္မမင်း မယ်တော် သုဓမ္မာတို့မှ ဖွားမြင်ကာ မိဖုရား မဏိလာဒေဝီနှင့် လက်ဆက်၍ သားတော် သီဟမင်းသား မွေးဖွားလာသောအခါ ပြာသာဒ်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၇)ရက်ကျင့်ပြီး ကံ့ကော်ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၁၀။ **အနောမဒဿီဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် စန္ဒဝတီမြို့တော် ခမည်းတော် ရသဝါမင်း မယ်တော် ယသောရောတို့မှ ဖွားမြင်ကာ မိဖုရား သီရိမာနှင့်လက်ဆက်၍ သားတော် ဥပဝါဏမင်းသား မွေးဖွားလာသောအခါ ရွှေထမ်းစင်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ(၁၀)လကျင့်ပြီး ထောက်ကြံ့ပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၁၁။ **ပဒုမဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် စမ္ပကမြို့တော် ခမည်းတော် အသမမင်း မယ်တော် အသမာတို့မှ ဖွားမြင်ကာ မိဖုရား ဥတ္တရာဒေဝီနှင့် လက်ဆက်၍ သားတော် ရမ္မမင်းသား မွေးဖွားလာ သောအခါ ရထားယာဉ် စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး ကြောင်လျှာပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၁၂။ **နာရဒဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၉)သောင်းတန်းတွင် ဓညဝတီမြို့တော် ခမည်းတော် သုဒေဝမင်း မယ်တော် အနောမာတို့မှ ဖွားမြင်ကာ မိဖုရား ဝိဇိတသေနာနှင့် လက်ဆက်၍ သားတော် နန္ဒုတ္တရမင်းသား မွေးဖွား လာသောအခါ ခြေလျင်တောထွက်တော်မူကာ ဒုက္ကရစရိယာ (၇)ရက်ကျင့်ပြီး ကြောင်လျှာပင်အောက်တွင် ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၁၃။ **ပဒုမုတ္တရဘုရားရှင်**သည် သာရကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် ဟံသဝတီမြို့တော် ခမည်းတော် အာနန္ဒမင်း မယ်တော် သုဇာတာတို့မှ ဖွားမြင်ကာ မိဖုရား ဝသုဒတ္တာနှင့် လက်ဆက်၍ သားတော် ဥတ္တရမင်းသား မွေးဖွားလာ သောအခါ ပြာသာဒ်ယာဉ် စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၇)ရက်ကျင့်ပြီး ထင်းရှူးပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

http://www.dhammadownload.com



၁၄။ **သုမေဓဘုရားရှင်**သည် မဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်းတန်းတွင် သုဒဿနမြို့တော် ခမည်းတော် သုဒတ္တမင်း မယ်တော် သုဒတ္တာတို့မှ ဖွားမြင်ကာ မိဖုရား သုမနာဒေဝီနှင့် လက်ဆက်၍ သားတော် ပုနဗ္ဗသုမင်းသား မွေးဖွားလာသောအခါ ဆင်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ(၁၅)ရက်ကျင့်ပြီး တမာပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၁၅။ **သုဇာတဘုရားရှင်**သည် မဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်းတန်းတွင် သုမင်္ဂလမြို့တော် ခမည်းတော် ဥဂ္ဂတမင်း မယ်တော် ပဘာဝတီတို့မှ ဖွားမြင်ကာ မိဖုရား သိရိနန္ဒာနှင့် လက်ဆက်၍ သားတော် ဥပသေနမင်းသား မွေးဖွားလာသောအခါ မြင်းယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၉)လကျင့်ပြီး ကြခတ်ဝါးပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

၁၆။ **ပိယဒဿီဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၉)သောင်းတန်းတွင် သုဓညဝတီမြို့တော် ခမည်းတော် သုဒတ္တမင်း မယ်တော် စန္ဒာတို့မှ ဖွားမြင်ကာ မိဖုရား ဝိမလာဒေဝီနှင့်လက်ဆက်၍ သားတော် ကဉ္စနာဝေဠမင်းသား မွေးဖွားလာသောအခါ ရထားယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)လကျင့်ပြီး ရေခတတ်ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

၁၇။ **အတ္ထဒဿီဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် သောဘဏမြို့တော် ခမည်းတော် သာဂရမင်း မယ်တော် သုဒဿနာတို့မှ ဖွားမြင်ကာ မိဖုရား ဝိသာခါနှင့် လက်ဆက်၍ သားတော် သေလမင်းသား မွေးဖွားလာသောအခါ မြင်းယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး စကားပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၁၈။ **ဓမ္မဒဿီဘုရားရှင်**သည် ဝရကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် သရဏမြို့တော် ခမည်းတော် သရဏမင်း မယ်တော် သုနန္ဒာတို့မှ ဖွားမြင်ကာ မိဖုရား ဝိစိကောဠီနှင့်လက်ဆက်၍ သားတော် ပုညဝဍ္ဎနမင်းသား မွေးဖွားလာသော အခါ ပြာသာဒ်ယာဉ် စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၇)ရက်ကျင့်ပြီး သံသတ်ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၁၉။ **သိဒ္ဓတ္ထဘုရားရှင်**သည် သာရကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် ဝေဘာရမြို့တော် ခမည်းတော် ဥဒေနမင်း မယ်တော် သုဖဿာတို့မှ ဖွားမြင်ကာ မိဖုရား သောမနဿာနှင့် လက်ဆက်၍ သားတော် အနုပမမင်းသား မွေးဖွား လာသောအခါ ရွှေထမ်းစင်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၁၀)လကျင့်ပြီး မဟာလှေကားပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါပေသည်တကား။

၂၀။ **တိဿဘုရားရှင်**သည် မဏ္ဍကမ္ဘာ၌ အနှစ်(၁)သိန်းတန်းတွင် ခေမကမြို့တော် ခမည်းတော် ဇနသန္ဓမင်း မယ်တော် ပဒုမာတို့မှ ဖွားမြင်ကာ မိဖုရား

http://www.dhammadownload.com



သုဘဒ္ဒါနှင့် လက်ဆက်၍ သားတော် အာနန္ဒမင်းသား မွေးဖွားလာသောအခါ မြင်းယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး ပိတောက်ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၂၁။ **ဖုဿဘုရားရှင်**သည် မဏ္ဍကမ္ဘာ၌ အနှစ်(၉)သောင်းတန်းတွင် ကာသိကမြို့တော် ခမည်းတော် ဇယသေနမင်း မယ်တော် သိရိမာတို့မှ ဖွားမြင်ကာ မိဖုရား ကိသာဂေါတမီနှင့် လက်ဆက်၍ သားတော် အနုပမမင်းသား မွေးဖွားလာသော အခါ ဆင်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)လကျင့်ပြီး သျှိသျှားပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၂၂။ **ဝိပဿီဘုရားရှင်**သည် သာရကမ္ဘာ၌ အနှစ်(၈)သောင်းတန်းတွင် ဗန္ဓုမတီမြို့တော် ခမည်းတော် ဗန္ဓုမမင်း မယ်တော် ဗန္ဓုမတီတို့မှ ဖွားမြင်ကာ မိဖုရား သုဒဿနာနှင့် လက်ဆက်၍ သားတော် သမဝတ္တက္ခန္ဓမင်းသား မွေးဖွား လာသော အခါ ရထားယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး သခွတ်ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၂၃။ **သိခီဘုရားရှင်**သည် မဏ္ဍကမ္ဘာ၌ အနှစ်(၇)သောင်းတန်းတွင် အရုဏဝတီမြို့တော် ခမည်းတော် အရုဏမင်း မယ်တော် ပဘာဝတီတို့မှ ဖွားမြင်ကာ မိဖုရား သဗ္ဗကာမာနှင့် လက်ဆက်၍ သားတော်အတုလမင်းသား မွေးဖွားလာသောအခါ ဆင်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး သရက်ဖြူပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၂၄။ **ဝေဿဘူဘုရားရှင်**သည် မဏ္ဍကမ္ဘာ၌ အနှစ်(၆)သောင်းတန်းတွင် အနောမမြို့တော် ခမည်းတော် သုပ္ပတီတမင်း မယ်တော် ယသဝတီတို့မှ ဖွားမြင်ကာ မိဖုရား သုစိတ္တာနှင့် လက်ဆက်၍ သားတော် သုပ္ပဗုဒ္ဓမင်းသား မွေးဖွားလာသောအခါ ရွှေထမ်းစင်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)လကျင့်ပြီး အင်ကြင်းပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၂၅။ **ကကုသန်ဘုရားရှင်**သည် ဘဒ္ဒကမ္ဘာ၌ အနှစ်(၄)သောင်းတန်းတွင် ခေမဝတီမြို့တော် ခမည်းတော် အဂ္ဂိဒတ္တပုဏ္ဏား မယ်တော် ဝိသာခါတို့မှ ဖွားမြင်ကာ မိဖုရား ရောစိနီနှင့် လက်ဆက်၍ သားတော် ဥတ္တရမင်းသား မွေးဖွားလာသောအခါ ရထားယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၈)လကျင့်ပြီး ကုက္ကိုပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၂၆။ **ကောဏာဂုံဘုရားရှင်**သည် ဘဒ္ဒကမ္ဘာ၌ အနှစ်(၃)သောင်းတန်းတွင် သောဘဝတီမြို့တော် ခမည်းတော် ယညဒတ္တပုဏ္ဏား မယ်တော် ဥတ္တရာတို့မှ ဖွားမြင်ကာ မိဖုရား ရုစိဂတ္တာနှင့် လက်ဆက်၍ သားတော် သတ္တဝါဟမင်းသား မွေးဖွားလာသောအခါ ဆင်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)လကျင့်ပြီး ရေသဖန်းပင် အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

http://www.dhammadownload.com



၂၇။ **ကဿပဘုရားရှင်**သည် ဘဒ္ဒကမ္ဘာ၌ အနှစ်(၂)သောင်းတန်းတွင် ဗာရာဏသီမြို့တော် ခမည်းတော် ဗြဟ္မဒတ္တပုဏ္ဏား မယ်တော် ဓနဝတီတို့မှ ဖွားမြင်ကာ မိဖုရား သုနန္ဒာနှင့် လက်ဆက်၍ သားတော် ဝိဇိတသေနမင်းသား မွေးဖွားလာသောအခါ ပြာသာဒ်ယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၇)ရက်ကျင့်ပြီး ပညောင်ပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

၂၈။ **ဂေါတမဘုရားရှင်**သည် ဘဒ္ဒကမ္ဘာ၌ အနှစ်တစ်ရာတန်းတွင် ကပိလဝတ်မြို့တော် ခမည်းတော် သုဒ္ဓေါဒနမင်း မယ်တော် မဟာမာယာတို့မှ ဖွားမြင်ကာ မိဖုရား ယသောဓရာနှင့်လက်ဆက်၍ သားတော် ရာဟုလာ မင်းသား မွေးဖွားလာသော အခါ မြင်းယာဉ်စီးလျက် တောထွက်တော်မူကာ ဒုက္ကရစရိယာ (၆)နှစ်ကျင့်ပြီး ညောင်ဗုဒ္ဓဟေပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ပါပေသည်တကား။

ဤသို့လျှင် ကမ္ဘာအသီးသီးတွင် ပွင့်တော်မူခဲ့ကြကုန်ပြီးသော သတ္တဝါအများ၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူကြလျက် အကျိုးစီးပွားချမ်းသာကို သည်ပိုးဆောင်ရွက်တော် မူခဲ့ကြကုန်သော နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့အား ရှိသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

## (၆) ခုနှစ်ရက် သားသမီးတို့ ကံပွင့်,ကံပွင့်,ကံမြင့် ဂါထာပါဠိများ (၁၄)ဂါထာ

### (၁) တနင်္ဂနွေသားသမီးများကုသိုလ်ကံပွင့်စေရန် ရှိခိုး ဆုတောင်း ဂါထာ

၁။ မေဓင်္ကရော သောဘိတော စ၊ ပီယဒဿီ သိခီ ဇိနော။
ရဝိဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

၂။ နဝေနာနေန ကမ္မေန၊ ပေါရာဏကံ ဝိကဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

### (၂) တနင်္လာ သား သမီးများ ကုသိုလ်ကံပွင့်စေရန် ရှိခိုး ဆုတောင်း ဂါထာ

၃။ သရဏင်္ကရာ နောမာစ၊ အတ္ထဒဿီ စ ဝေဿဘူ။
စန္ဒဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

၄။ နဝေနာနေန ကမ္မေန၊ ပေါရာဏကံ ဝိကဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

http://www.dhammadownload.com

## (၃) အင်္ဂါသား သမီးများ ကုသိုလ်ကံပွင့်စေရန် ရှိခိုး ဆုတောင်း ဂါထာ

၅။ ဒီပင်္ကရော ပဒုမော စ၊ ဓမ္မဒဿီ ကကုသန္ဓော။
ဘောမဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

၆။ နဝေနာနေန ကမ္မေန၊ ပေါရာဏက ဝိကဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

## (၄) ဗုဒ္ဓဟူးသား သမီးများ ကုသိုလ်ကံပွင့်စေရန် ရှိခိုး ဆုတောင်း ဂါထာ

၇။ ကောဏ္ဍညော နာရဒေါ သတ္တာ၊ သိဒ္ဓတ္ထ ကောဏာဂမနာ။
ဗုဒ္ဓဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

၈။ နဝေနာနေန ကမ္မေန၊ ပေါရာဏက ဝိကဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

## (၅) ကြာသပတေးသား သမီးများ ကုသိုလ်ကံပွင့်စေရန် ရှိခိုး ဆုတောင်း ဂါထာ

၉။ မင်္ဂလော ပဒုမုတ္တရော၊ တိဿော နာထော စ၊ ကဿပေါ။
ဂုရုဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

၁၀။ နဝေနာနေန ကမ္မေန၊ ပေါရာဏက ဝိကဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

## (၆) သောကြာသား သမီးများ ကုသိုလ်ကံပွင့်စေရန် ရှိခိုး ဆုတောင်း ဂါထာ

၁၁။ သုမနော သုမေဓော ဗုဒ္ဓေါ၊ ဖုဿဇိနော စ ဂေါတမော။
သုက္ကဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

၁၂။ နဝေနာနေန ကမ္မေန၊ ပေါရာဏက ဝိကဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

## (၇) စနေသား သမီးများ ကုသိုလ်ကံပွင့်စေရန် ရှိခိုး ဆုတောင်း ဂါထာ

၁၃။ တဏှင်္ကရော ရေဝတော စ၊ သုဇာတော စ ဝိပဿီကော။
သောရီဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။

http://www.dhammadownload.com



၁၄။ နဝေနာနေန ကမ္မေန၊ ပေါရာဏကံ ဝိကာသတု။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝန္တု မေ။

## (၇) နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး ဆုတောင်း

### (၁) တဏှင်္ကရာဘုရားရှင်နှင့် စရည်းပင်

၁။ **တဏှင်္ကရော** မဟာဝီရော၊ သဗ္ဗလောကာနုကမ္ပကော။
ဝန္တသံသာရဂမနော၊ သဗ္ဗကာမဒဒေါ သဒါ။

၂။ သဗ္ဗာဘိဘူ သဗ္ဗဝိဒူ၊ သဗ္ဗဒေဝ ဂရုတ္တမော။
သဗ္ဗာသဝ ပရိက္ခီဏော၊ သဒါ သောတ္ထိံ ကရောတု နော။

၁။ **တဏှင်္ကရာ** မြတ်စွာဘုရားသည် ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူ၏၊ ခပ်သိမ်းသော လူ၊ နတ်၊ ပြဟ္မာသတ္တဝါတို့ကို အစဉ်သနား တော်မူ၏၊ သံသရာဝဋ်၌ ဖြစ်စေတတ်သော တဏှာကို ထွေးအန်စွန့် ပယ်တော်မူ၏၊ ခပ်သိမ်းသော အလိုဆန္ဒကို အခါခပ်သိမ်း ပေးတော်မူ၏။

၂။ ဘုံသုံးပါး၌ ဖြစ်သော ခပ်သိမ်းသောတရားကို လွှမ်းမိုးတော်မူနိုင်၏၊ ဘုံ လေးပါး၌ ဖြစ်သော ခပ်သိမ်းသောတရားကို သိမြင်တော်မူ၏၊ ခပ်သိမ်းသော လူမင်း၊ နတ်မင်း၊ ပြဟ္မာမင်းတို့၏ ဆရာမြတ်ဖြစ်တော် မူ၏၊ ခပ်သိမ်းသော အာသဝေါတရား လေးပါးကုန်ခန်းတော်မူ၏၊ **စရည်းပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုတဏှင်္ကရာ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁)

### (၂) မေဓင်္ကရာဘုရားရှင်နှင့် ပေါက်ပင်

၃။ ဝရလက္ခဏ သမ္ပန္နော၊ **မေဓင်္ကရော** မဟာမုနိ။
ဇုတိန္ဓရော မဟာသိရီ၊ သုဝဏ္ဏဂိရိ သန္နိဘော။

၄။ ဒိဗ္ဗရူပေါ မဟာကာယော၊ မဟာနာဒော မဟဗ္ဗလော။
မဟာကာရုဏိကော သတ္ထာ၊ မဟာသန္တိံ ကရောတု နော။

၃။ **မေဓင်္ကရာ** မြတ်စွာဘုရားသည် မွန်မြတ်သော လက္ခဏာတော်ကြီး သုံးဆဲ့နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့နှင့် ပြည့်စုံတော်မူ၏၊ ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ကို ဆောင်တော်မူ၏၊ ကြီးမြတ်သော ဘုန်း၊ ပညာ၊ အသရေ ရှိတော်မူ၏၊ တရွှေ့ရွှေ့သွားနေသော ရွှေတောင်နှင့် တူတော်မူ၏။

http://www.dhammadownload.com



၄။ ပြဟ္မာမင်းနှင့်တူသော ကိုယ်သဏ္ဌာန် ရှိတော်မူ၏၊ ကြီးမြတ်သော ကိုယ်ရှိတော်မူ၏၊ များစွာသောသူတို့ ကိုးကွယ်ရာ ဖြစ်တော်မူ၏၊ ကြီးမြတ်သော ကိုယ်တော်အားဆယ်ပါး၊ ဉာဏ်တော်အားဆယ်ပါး ရှိတော်မူ၏၊ ကြီးမြတ်သောသနားခြင်းကရုဏာ ရှိတော်မူ၏၊ လူ၊ နတ်၊ ပြဟ္မာတို့၏ ဆရာဖြစ်တော်မူ၏၊ **ပေါက်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုမေဓင်္ကရာ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်သက် ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ ( ၂ )

## (၃) သရဏင်္ကရာဘုရားရှင်နှင့် သံသတ်ပင်

၅။ မဟာမောဟတမံ ဟန္တွာ၊ ယောနာသော **သရဏင်္ကရော**။
ဒေဝါဒေဝ မနုဿာနံ၊ လောကာနဥ္စ ဟိတင်္ကရော။

၆။ ဗျာမပ္ပဘာ ဘိရုစိတော၊ နိဂြောဓ ပရိမဏ္ဍလော။
နိဂြောဓပက္က ဗိမ္ဗောဋ္ဌော၊ သဒါ သောတ္ထိံ ကရောတု နော။

၅။ **သရဏင်္ကရာ** မြတ်စွာဘုရားသည် လူ၊ နတ်၊ ပြဟ္မာသတ္တဝါတို့ ကိုးကွယ်ရာ ဖြစ်တော်မူ၏၊ ကြီးစွာသော အဝိဇ္ဇာ အမိုက်မှောင်ကို ပယ်ဖျောက်တော်မူ၏၊ နတ်၊ အသုရာ၊ လူဟူသော သတ္တလောက၏ မျက်မှောက် တမလွန် နှစ်တန်သော အကျိုး စီးပွါးကို ပြုတော်မူ၏။

၆။ တလံမျှလောက်သော ရောင်ခြည်တော်ဖြင့် အလွန်နှစ်သက် ကြည်ညိုဘွယ်ရှိတော်မူ၏၊ ပညောင်ပင်၏အဝန်းကဲ့သို့ အလံတော်နှင့် အရပ်တော် ညီမျှသဖြင့် ဝန်းဝိုင်းသော ကိုယ်ရှိတော်မူ၏၊ ပညောင်သီးမှည့် ကဲ့သို့ နီမြန်းသော နှုတ်ခမ်းရှိတော်မူ၏၊ **သံသတ်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသရဏင်္ကရာ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော် မူပါဘုရား။ ( ၃ )

## (၄) ဒီပင်္ကရာဘုရားရှင်နှင့် ညောင်ကြတ်ပင်

၇။ အသီတိရတနုဗ္ဗေဓော၊ **ဒီပင်္ကရော** မဟာမုနိ။
ပဘာ နိဒ္ဓါဝတေ တဿ၊ ဌာနေ ဒွါဒသ ယောဇနေ။

၈။ ဝဿသတ သဟဿာနိ၊ ဌတွာ လောကေ ဝိနာယကော။
လောကာလောကကရော သတ္ထာ၊ သဒါ သောတ္ထိံ ကရောတု နော။

၇။ **ဒီပင်္ကရာ** မြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ် မြင့်တော်မူ၏၊ ထိုဒီပင်္ကရာမြတ်စွာဘုရား၏ ကိုယ်တော်ရောင်သည် တဆဲ့နှစ် ယူဇနာ အရပ်တိုင်အောင် နေ့ညဥ့်မစဲ အမြဲကွန့်မြူး ထွက်ကြွတော်မူ၏။

http://www.dhammadownload.com



၈။ လောကသုံးပါး၌ အနှစ်တသိန်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူ၍ ကျွတ်ထိုက်သော ဝေနေယျတို့ကို နိဗ္ဗာန်သို့ ပို့ဆောင် တော်မူ၏၊ လောကသုံးပါး၌ ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ကို ပြုတော်မူ၏၊ **ညောင်ကြက်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုဒီပင်္ကရာမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ ( ၄ )

## (၅) ကောဏ္ဍညဘုရားရှင်နှင့် ကံ့ကော်ပင်

၉။ အဠာသီတိဟတ္ထုဗ္ဗေဓော၊ **ကောဏ္ဍညော** နာမ နာယကော။
သဗ္ဗဓမ္မေဟိ အသမော၊ သဗ္ဗပါရမိတာဂမော။

၁၀။ ဝဿသတ သဟဿာနိ၊ အာယု တဿ မဟေသိနော။
မောစေတု သော သဗ္ဗဘယာ၊ သဒါ သောတ္ထိံ ကရောတု နော။

၉။ **ကောဏ္ဍည** မြတ်စွာဘုရားသည် ရှစ်ဆဲ့ရှစ်တောင် အရပ် မြင့်တော်မူ၏၊ ခပ်သိမ်းသော ဘုရားဂုဏ် ကျေးဇူးတော်တို့ဖြင့် အတူ ရှိတော်မမူ၊ ခပ်သိမ်းသော ဘုရားဖြစ်ကြောင်း ပါရမီတော်တို့၏ အပြီးဆုံးသို့ ရောက်တော်မူ၏။

၁၀။ ထိုကောဏ္ဍည မြတ်စွာဘုရား၏ အသက်တော်သည် အနှစ်တသိန်း ရှည်တော်မူ၏၊ **ကြောင်လျှာပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုကောဏ္ဍညမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ဘေးရန်ခပ်သိမ်းမှ လွတ်စေတော်မူပါဘုရား၊ အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ ( ၅ )

## (၆) မင်္ဂလ ဘုရားရှင်နှင့် ကံ့ကော်ပင်

၁၁။ အဋ္ဌာသီတိ ရတနာနိ၊ အစ္စုဂ္ဂတော ဇုတိန္ဓရော။
**မင်္ဂလော** နာမ သမ္ဗုဒ္ဓေါ၊ နဝုတိ သဟဿာယုကော။

၁၂။ ဆဗ္ဗဏ္ဏရံသိယော ဒသ-သဟဿလောကဓာတုယော။
ဟရန္တော တဿ ဆာဒေန္တိ၊ ဧသ သောတ္ထိံ ကရောတု နော။

၁၁။ **မင်္ဂလ** မြတ်စွာဘုရားသည် ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ကို ဆောင်တော်မူ၏၊ ရှစ်ဆဲ့ရှစ်တောင်အရပ် မြင့်တော်မူ၏၊ အနှစ်ကိုးသောင်း အသက်ရှည်တော်မူ၏။

http://www.dhammadownload.com



၁၂။ ထိုမင်္ဂလာမြတ်စွာဘုရား၏ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်း၊ ပြိုးပြိုး ပြက်ပြက် အဆင်းခြောက်မျိုးရှိသော ရောင်ခြည်တော်တို့သည် တသောင်းသော စကြဝဠာလောကဓာတ်တို့ကို ကွန့်မြူးပြန့်နှံ့စေလျက် ဖုံးလွှမ်းတော်မူကုန်၏၊ **ကံတော်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုမင်္ဂလမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား။ ( ၆ )

## (၇) သုမန ဘုရားရှင်နှင့် ကံ့ကော်ပင်

၁၃။ နဝုတိ ရတနုဗ္ဗေဓော၊ **သုမနော** နာမ နာယကော။
ကဥ္စနာစလ သင်္ကာသော၊ နဝုတိ သဟဿာယုကော။

၁၄။ ဥပေတော ဗုဒ္ဓဂုဏေဟိ၊ သဗ္ဗသတ္တ ဟိတေသကော။
ကရောတု နော မဟာသန္တိံ၊ အာရောဂျဥ္စ သုခံ သဒါ။

၁၃။ **သုမန** မြတ်စွာဘုရားသည် တရွှေ့ရွှေ့သွားနေသော ရွှေတောင်နှင့် တူတော်မူ၏၊ အတောင်ကိုးဆယ် အရပ်မြင့်တော်မူ၏၊ အနှစ်ကိုးသောင်း အသက် ရှည်တော်မူ၏။

၁၄။ တဆဲ့ရှစ်ပါးသော ဘုရားဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူ၏၊ ခပ်သိမ်း သောသတ္တဝါတို့၏ အစီး အပွါးကို ရှာမှီးတော်မူ၏၊ **ကံတော်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသုမနမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း မွန်မြတ်သော ငြိမ်သက်ခြင်း အနာရောဂါကင်းခြင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ ( ၇ )

## (၈) ရေဝတ ဘုရားရှင်နှင့် ကံ့ကော်ပင်

၁၅။ အသီတိ ရတနုဗ္ဗေဓော၊ သဋ္ဌိသဟဿ အာယုကော။
**ရေဝတော** နာမ သမ္ဗုဒ္ဓေါ၊ သဗ္ဗလောကုတ္တရော မုနိ။

၁၆။ တဿ သရီရေ နိဗ္ဗတ္တာ၊ ပဘာမာလာ အနုတ္တရာ။
ဖရန္တာ ယောဇနေ နိစ္စံ၊ သဒါ သောတ္ထိံ ကရောတု နော။

၁၅။ **ရေဝတ**မြတ်စွာဘုရားသည် ခပ်သိမ်းသော လောကသုံးပါးထက် မြတ်တော်မူ၏၊ လောကသုံးပါးကို သိမြင်တော်မူ၏၊ အတောင်ရှစ်ဆယ် အရပ် မြင့်တော်မူ၏၊ အနှစ်ခြောက်သောင်း အသက်ရှည်တော်မူ၏။

၁၆။ ထိုရေဝတ မြတ်စွာဘုရား၏ ကိုယ်တော်၌ ဖြစ်ထွန်းသော အတုမရှိသော ရောင်ခြည်တော် အစဉ်သည် အမြဲမပြတ် တယူဇနာ အရပ်ဒေသ၌ ကွန့်မြူးပြန့်နှံ့တော်မူ၏၊

http://www.dhammadownload.com



**ကံ့ကော်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုရေဝတမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၈)

## (၉) သောဘိတ ဘုရားရှင်နှင့် ကံ့ကော်ပင်

၁၇။ **သောဘိတော** နာမ သမ္ဗုဒ္ဓေါ၊ နဝူတိ သဟဿာယုကော။
သံသာရသာဂရေ သတ္တေ၊ ဗဟူ မောစေတိ ဒုက္ခတော။

၁၈။ အဋ္ဌပညာသ ရတနံ၊ အစ္စုဂ္ဂတော မဟာမုနိ။
သြဘာသေတိ ဒိသာ သဗ္ဗာ၊ သဒါ သောတ္ထိံ ကရောတု နော။

၁၇။ **သောဘိတ**မြတ်စွာဘုရားသည် အနှစ်ကိုးသောင်း အသက်ရှည်တော် မူ၏၊ သံသရာဝဋ်ဟူသော မဟာသမုဒ္ဒရာ၌ များစွာသောသတ္တဝါတို့ကို ငြိုငြင် ဆင်းရဲခြင်းမှ လွတ်မြောက်စေတော်မူ၏။

၁၈။ ထိုသောဘိတမြတ်စွာဘုရားသည် ငါးဆဲ့ရှစ်ထောင် အရပ်မြင့်တော် မူ၏၊ အရပ်မျက်နှာခပ်သိမ်းကို ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ဖြင့် ထွန်းလင်း တောက်ပစေတော်မူ၏၊ **ကံ့ကော်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုသောဘိတ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား။ ( ၉ )

## (၁၀) အနောမဒဿီ ဘုရားရှင်နှင့် ထောက်ကြံ့ပင်

၁၉။ **အနောမဒဿီ** သမ္ဗုဒ္ဓေါ၊ တေဇဿီ ဒုရတိက္ကမော။
အဋ္ဌပဏ္ဏာသ ရတနော၊ သြဘာသေန္တော သဒေဝကေ။

၂၀။ နိဗ္ဗာနပါပကော လောကေ၊ ဝဿသတ သဟဿာယု။
ကရောတု နော မဟာသန္တိံ၊ သုခိတာ စ မယံ သဒါ။

၁၉။ **အနောမဒဿီ** မြတ်စွာဘုရားသည် တန်ခိုးအာနုဘော် ကြီးမြတ်တော် မူ၏၊ ရန်သူတို့ မလွန်မြောက်နိုင်၊ ငါးဆဲ့ရှစ်တောင်အရပ်မြင့်တော်မူ၏၊ နတ်နှင့်တကွသော လောက၌ ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ဖြင့် ထွန်းလင်းတောက်ပတော်မူ၏။

၂၀။ လူ၊ နတ်၊ ပြဟ္မာသတ္တဝါတို့ကို နိဗ္ဗာန်သို့ ရောက်စေတော်မူ၏၊ အနှစ် တသိန်း အသက်ရှည်တော်မူ၏၊ **ထောက်ကြံ့ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုအနောမဒဿီ မြတ်စွာဘုရားသည်

http://www.dhammadownload.com



အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါဘုရား၊ အကျွန်ုပ်တို့သည် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံရ ပါလိုကုန်၏ဘုရား။ (၁၀)

## (၁၁) ပဒုမဘုရားရှင်နှင့် ကြောင်လျှာပင်

၂၁။ **ပဒုမော** နာမ သမ္ဗုဒ္ဓေါ၊ လောကဇေဋ္ဌော နရာသဘော။
အဋ္ဌပညာသ ရတနော၊ အာဒိစ္စောဝ ဝိရောစတိ။
၂၂။ ဝဿသတ သဟဿာနိ၊ အာယု တဿ မဟေသိနော။
သောပိ ဗုဒ္ဓေါ ကာရုဏိကော၊ သဒါ သောတ္ထိံ ကရောတု နော။

၂၁။ **ပဒုမ**မြတ်စွာဘုရားသည် လူသုံးပါးတို့ထက် ဂုဏ်အားဖြင့် ကြီးတော် မူ၏၊ လူသုံးပါးတို့ထက် မြတ်တော်မူ၏၊ ငါးဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ နေမင်းကဲ့သို့ တင့်တယ်တော်မူ၏။

၂၂။ ထိုပဒုမမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်တသိန်း ရှည်တော်မူ၏၊ သတ္တဝါတို့ကို သနားခြင်း ကရုဏာရှိတော်မူ၏၊ **ကြောင်လျှာပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုပဒုမမြတ်စွာ ဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ ( ၁၁ )

## (၁၂) နာရဒ ဘုရားရှင်နှင့် ကြောင်လျှာပင်

၂၃။ အဋ္ဌာသီတိ ရတနုဗ္ဗေဓော၊ **နာရဒေါ** သဗ္ဗကာမဒေါ။
နိရန္တရံ ဒိဝါရတ္တိံ၊ ယောဇနံ ဖရတေ ပဘာ။
၂၄။ နဝုတိဝဿ သဟဿာနိ၊ ဌတွာ လောကေ ဝိနာယကော။
မောစေတိ ဒုက္ခတော သတ္တေ၊ သောပိ သောတ္ထိံ ကရောတု နော။

၂၃။ **နာရဒ**မြတ်စွာဘုရားသည် အလိုဆန္ဒခပ်သိမ်းကို ပေးတော်မူ၏၊ ရှစ်ဆဲ့ ရှစ်တောင် အရပ်မြင့်တော် မူ၏၊ ကိုယ်ရောင်တော်သည် အမြဲမပြတ် နေ့ညဉ့် ပတ်လုံး တယူဇနာအရပ်တိုင်အောင် ကွန့်မြူးပြန့်နှံ့တော်မူ၏။

၂၄။ ထိုနာရဒမြတ်စွာဘုရားသည် လောက၌ အနှစ်ကိုးသောင်းပတ်လုံး အသက်ကြာရှည် တည်နေတော် မူလျက် ဝေနေယျသတ္တဝါတို့ကို ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတော်မူ၏၊ **ကြောင်လျှာပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုနာရဒ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၁၂ )

http://www.dhammadownload.com



## (၁၃) ပဒုမုတ္တရ ဘုရားရှင်နှင့် ထင်းရှူးပင်

၂၅။ အဠပဏ္ဏာသ ရတနော၊ **ပဒုမုတ္တရော** မဟာမုနိ။
တဿ ပါကတိကာ ရံသီ၊ ဖရန္တိ ဒွါဒသ ယောဇနေ။

၂၆။ ဝဿသတ သဟဿာနိ၊ ဋတွာ လောကေ' မတန္ဒေဝါ။
မောစေတိ ဗန္ဓနာ သတ္တေ၊ သောပိ ပါလေတု နော သဒါ။

၂၅။ **ပဒုမုတ္တရ**မြတ်စွာဘုရားသည် ငါးဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ထိုပဒုမုတ္တရမြတ်စွာဘုရား၏ ပကတိသော ရောင်ခြည်တော်တို့သည် တဆဲ့နှစ် ယူဇနာ အရပ်တိုင်အောင် ကွန့်မြူးပြန့်နှံ့တော်မူကုန်၏။

၂၆။ ဝေနေယျတို့အား အမြိုက်နိဗ္ဗာန်ကို ပေးတော်မူ၏၊ အနှစ်တသိန်း ပတ်လုံး အသက်ကြာရှည် တည်နေတော်မူ၍ သတ္တဝါတို့ကို ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်စေတော်မူ၏၊ **ထင်းရှူးပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုပဒုမုတ္တရ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ဘေးရန်အန္တရာယ် ကင်းငြိမ်းအောင် စောင့်ရှောက်တော် မူပါဘုရား။ (၁၃)

## (၁၄) သုမေဓ ဘုရားရှင်နှင့် တမာပင်

၂၇။ အဋ္ဌာသီတိ ရတနာနိ၊ အစ္စုဂ္ဂတော မဟာမုနိ။
**သုမေဓော** နာမ သမ္ဗုဒ္ဓေါ၊ နဝုတိ သဟဿာယုကော။

၂၈။ တဿ ပါကတိကာ ရံသီ၊ ဖရန္တိ ယောဇနံ သဒါ။
ပါလေတု နော သဒါ ဗုဒ္ဓေါ၊ ဘယေဟိ ဝိဝိဓေဟိ စ။

၂၇။ **သုမေဓာ**မြတ်စွာဘုရားသည် ရဟန်းမြတ်ဖြစ်တော်မူ၏၊ ရှစ်ဆဲ့ ရှစ်တောင် အရပ်မြင့်တော်မူ၏၊ အနှစ်ကိုးသောင်းအသက်ရှည်တော်မူ၏။

၂၈။ ထိုသုမေဓာမြတ်စွာဘုရား၏ ပကတိသော ရောင်ခြည်တော်တို့သည် တယူဇနာ အရပ်တိုင်အောင် အခါခပ်သိမ်း ကွန့်မြူးပြန့်နှံ့တော်မူကုန်၏၊ **တမာပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသုမေဓာမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း အထူးထူး အပြားပြား ရှိသော ဘေးရန် အန္တရာယ်တို့မှ ကင်းငြိမ်းအောင် စောင့်ရှောက်တော်မူပါဘုရား။ ( ၁၄ )

http://www.dhammadownload.com



## (၁၅) သုဇာတ ဘုရားရှင်နှင့် ကြံစတ်ဝါးပင်

၂၉။ ပညာသ ရတနုဗ္ဗေဓော၊ သုဇာတော နာမ နာယကော။
ပေမဝဏ္ဏော မဟာဝီရော၊ မဟာတမ ဝိနောဒနော။

၃၀။ နဝုတိ ဝဿသဟဿာနိ၊ အာယု တဿ မဟေသိနော။
သောပိ ဗုဒ္ဓေါ ကာရုဏိကော၊ သဒ္ဓိ သောတ္ထိံ ကရောတု နော။

၂၉။ **သုဇာတ**မြတ်စွာဘုရားသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်း ရှိတော်မူ၏၊ ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူ၏၊ ကြီးစွာသော မောဟ အမိုက်မှောင်ကို ပယ်ဖျက်တော်မူ၏၊

၃၀။ ထိုသုဇာတမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်ကိုးသောင်း ရှည်တော်မူ၏၊ သတ္တဝါတို့အား သနားခြင်းကရုဏာရှိတော်မူ၏၊ **ကြံခတ်ဝါးပင်** ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသုဇာတမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ ( ၁၅ )

## (၁၆) ပိယဒဿီ ဘုရားရှင်နှင့် ရေခံတက်ပင်

၃၁။ အသီတိ ရတနုဗ္ဗေဓော၊ **ပိယဒဿီ** မဟာမုနိ။
နဝုတိ ဝဿသဟဿာနိ၊ ဌတွာ လောကဂ္ဂနာယကော။

၃၂။ သောပိ သဗ္ဗဂုဏူပေတော၊ သဗ္ဗလောက သုခပ္ပဒေါ။
သဗ္ဗဒေါသံ ဝိနာသေန္တော၊ သဗ္ဗံ သောတ္ထိံ ကရောတု နော။

၃၁။ **ပိယဒဿီ**မြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်မြင့်တော် မူ၏၊ အနှစ်ကိုးသောင်းပတ်လုံး အသက်ကြာရှည်တည်နေတော်မူလျက် လူသုံးပါးတို့၏ မွန်မြတ်သော ခရီးလမ်းညွှန် ဖြစ်တော်မူ၏။

၃၂။ ခပ်သိမ်းသော ဘုရားဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူ၏၊ ခပ်သိမ်းသော လူတို့အား ချမ်းသာကို ပေးတော်မူ၏၊ ခပ်သိမ်းသောအပြစ်ကို ဖျက်ဆီး ပယ်ဖျောက် တော်မူ၏၊ **ရေခံတက်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုပိယဒဿီမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အလုံးစုံသော ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ ( ၁၆ )

## (၁၇) အတ္ထဒဿီ ဘုရားရှင်နှင့် စကားပင်

၃၃။ အသီတိ ရတနုဗ္ဗေဓော၊ **အတ္ထဒဿီ** နရာသဘော။
ဝဿသတ သဟဿာနိ၊ လောကေ အဋ္ဌာသိ နာယကော။

http://www.dhammadownload.com



၃၄။ တဿ ပါကတိကာ ရံသီ၊ ဖရန္တိ ယောဇနံ သဒါ။
နိရန္တရံ ဒိဝါရတ္တိံ၊ နာထော သောတ္ထိံ ကရောတု နော။

၃၃။ **အတ္ထဒဿီ**မြတ်စွာဘုရားသည် လူသုံးပါးတို့ထက် ကြီးမြတ်တော်မူ၏၊ အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ လောက၌ အနှစ်တသိန်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူ၏။

၃၄။ ထိုအတ္ထဒဿီမြတ်စွာဘုရား၏ ပကတိသော ရောင်ခြည်တော်တို့သည် နေ့ညဥ့်ပတ်လုံး အခါခပ်သိမ်း တယူဇနာ အရပ်တိုင်အောင် အမြဲမပြတ် ကွန့်မြူး ပြန့်နှံ့တော်မူကုန်၏၊ **စကားပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုအတ္ထဒဿီ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ ( ၁၇ )

## (၁၈) ဓမ္မဒဿီ ဘုရားရှင်နှင့် မျက်နှာပန်းပင်

၃၅။ **ဓမ္မဒဿီ** စ သမ္ဗုဒ္ဓေါ၊ အသီတိဟတ္ထ’ မုဂ္ဂတော။
အတိရောစတိ တေဇေန၊ သဒေဝါသုရ မာနုသေ။
၃၆။ ဝဿသတသဟဿာနိ၊ ဌတွာ လောကေ မဟာယသော။
သဗ္ဗသတ္တေ ပမောစေတိ၊ ဘယာ ရက္ခတု နော သဒါ။

၃၅။ **ဓမ္မဒဿီ**မြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ နတ်၊ အသုရာ၊ လူနှင့်တကွ ဖြစ်သော လောကသုံးပါး၌ တန်ခိုးအာနုဘော်ဖြင့် အလွန်တင့်တယ် တော်မူ၏။

၃၆။ လောကသုံးပါး၌ မျှားမြတ်သော အခြံအရံ အကျော်အစော ရှိတော်မူ၏၊ အနှစ်တသိန်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူလျက် ခပ်သိမ်းသော သတ္တဝါတို့ကို ဘေးရန်အန္တရာယ်မှ လွတ်ကင်းစေတော် မူ၏၊ **မျက်နှာဝန်း**ပင်ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုဓမ္မဒဿီ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း စောင့်ရှောက်တော် မူပါဘုရား။ ( ၁၈ )

## (၁၉) သိဒ္ဓတ္ထ ဘုရားရှင်နှင့် မဟာလှေကားပန်းပင်

၃၇။ **သိဒ္ဓတ္ထော** နာမ သမ္ဗုဒ္ဓေါ၊ သဋ္ဌိရတန’ မုဂ္ဂတော။
တိဘဝေ သောတ္ထိဇနကော၊ သတသဟဿ အာယုကော။
၃၈။ သံသာရသာဂရာ လောကေ၊ သန္တာရေတွာ သဒေဝကေ။
နိဗ္ဗာပေတိစ သော သတ္ထာ၊ သဒါ သောတ္ထိံ ကရောတု နော။

http://www.dhammadownload.com



၃၇။ **သိဒ္ဓတ္ထ**မြတ်စွာဘုရားသည် အတောင်ခြောက်ဆယ် အရပ်မြင့်တော် မူ၏၊ ဘုံသုံးပါး၌ စီးပွားချမ်းသာကို ဖြစ်စေတော်မူ၏၊ အနှစ်တသိန်း အသက် ရှည်တော်မူ၏။

၃၈။ နတ်နှင့် တကွသော လူတို့ကို သံသရာဝဋ်ဟူသော မဟာသမုဒ္ဒရာမှ ထုတ်ဆောင်ကယ်တင်တော်မူ၍ ငြိမ်းအေးစေတော်မူ၏ (နိဗ္ဗာန်သို့ ရောက်စေတော် မူ၏)၊ **မဟာလေ့တားပန်းပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသိဒ္ဓတ္ထ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ ( ၁၉)

## (၂၀) တိဿ ဘုရားရှင်နှင့် ပိတောက်ပင်

၃၉။ သင်္ဃီရတန' မုဗ္ဗေဓော၊ **တိဿော** လောကဂ္ဂနာယကော။
အနုပမော အသဒိသော၊ အတုလော ဥတ္တမော ဇိနော။
၄၀။ ဝဿသတ သဟဿာနိ၊ အာယု တဿ မဟေသိနော။
အာရောဂျ့ မဟာသုခံ၊ ဟောတု နော တဿ တေဇသာ။

၃၉။ **တိဿ**မြတ်စွာဘုရားသည် လူသုံးပါးတို့၏ မွန်မြတ်သော ခရီးလမ်းညွှန် ဖြစ်တော်မူ၏၊ နှိုင်းယှဉ်စရာ ဥပမာရှိတော်မမူ၊ ကိုယ်တော်နှင့် တူသူ ရှိတော်မမူ၊ တုဘက်ပြိုင်ဘက် ကင်းတော်မူ၏၊ မွန်မြတ်တော်မူ၏၊ အတောင်ခြောက်ဆယ် အရပ်မြင့်တော်မူ၏။

၄၀။ ထိုတိဿမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်တသိန်း ရှည်တော်မူ၏၊ **ပိတောက်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုတိဿ မြတ်စွာဘုရား၏ တန်ခိုး အာနုဘော်ကြောင့် အကျွန်ုပ်တို့အား အနာရောဂါ ကင်းလွတ်ခြင်း၊ စီးပွားချမ်းသာ ကြီးပွားခြင်းသည် ဖြစ်ပါစေဘုရား။ ( ၂၀ )

## (၂၁) ဖုဿ ဘုရားရှင်နှင့် ရှီးရှားပင်

၄၁။ အဌပဏ္ဏာသ ရတနော၊ **ဖုဿော** လောကဂ္ဂနာယကော။
ဇနမ္ဗုဇံ ဝိဗောဓေန္တော၊ နိဗ္ဗာပေန္တော သဒေဝကေ။
၄၂။ နဝုတိ ဝဿသဟဿာနိ၊ ဌတွာ လောကေ မဟာယသော။
ဥဒ္ဓရန္တော ဗဟူ သတ္တေ၊ သဒါ သောတ္ထိံ ကရောတု နော။

၄၁။ **ဖုဿ**မြတ်စွာဘုရားသည် လူသုံးပါးတို့၏ မွန်မြတ်သော ခရီးလမ်းညွှန် ဖြစ်တော်မူ၏၊ ငါးဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ဝေနေယျသတ္တဝါ ဟူသော ကြာငုံကို သစ္စာလေးပါးကို သိမြင်စေသဖြင့် ပွင့်စေတော်မူ၏၊ နတ်နှင့်တကွသော လူတို့ကို ငြိမ်းအေးစေတော်မူ၏။

http://www.dhammadownload.com



၄၂။ လောက၌ အနှစ်ကိုးသောင်းပတ်လုံး အသက်ကြာရှည် တည်နေတော် မူလျက် များစွာသောသတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင် ကယ်တင် တော်မူ၏၊ များမြတ်သော အခြံအရံ အကျော်အစော ရှိတော်မူ၏၊ **ရှီရှားပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုဖုဿမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ ( ၂၁ )

## (၂၂) ဝိပဿီ ဘုရားရှင်နှင့် သခွပ်ပင်

၄၃။ အသီတိ ရတနုဗ္ဗေဓော၊ **ဝိပဿီ** လောကနာယကော။
ပဘာ နိဒ္ဓါဝတေ တဿ၊ သမန္တာ သတ္တ ယောဇနေ။
၄၄။ သောပိ ဒေဝမနုဿာနံ၊ ဗန္ဓနာ ပရိမောစယိ။
အသီတိ သဟဿာယုကော၊ နာထော သော တ္တိ ကရောတု နော။

၄၃။ **ဝိပဿီ**မြတ်စွာဘုရားသည် လူသုံးပါးကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူ၏၊ အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ ထိုဝိပဿီမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် အရပ်ထက်ဝန်းကျင်မှ ခုနစ်ယူဇနာတိုင်အောင် နေ့ညဥ့်မစဲ အမြဲမပြတ် ကွန့်မြူးထွက်ကြွတော်မူ၏။

၄၄။ ထိုဝိပဿီမြတ်စွာဘုရားသည် အနှစ်ရှစ်သောင်း အသက်ရှည်တော် မူ၏၊ နတ်၊ လူတို့ကို ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်စေတော်မူ၏ **သခွပ်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုဝိပဿီမြတ်စွာဘုရားသည် အကျွန်ုပ် တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ ( ၂၂ )

## (၂၃) သိခီ ဘုရားရှင်နှင့် သရက်ဖြူပင်

၄၅။ သတ္တတိဟတ္ထ' မုဗ္ဗေဓော၊ **သိခီ** နာမေသ နာယကော။
ပဘာ နိဒ္ဓါဝတေ တဿ၊ သမန္တာ ယောဇနတ္တယေ။
၄၆။ သောပိ အတုလျော သမ္ဗုဒ္ဓေါ၊ သတ္တတိ သဟဿာယုကော။
ကရောတု နော မဟာသန္တိံ၊ သုခိတာ စ မယံ သဒါ။

၄၅။ **သိခီ**မြတ်စွာဘုရားသည် အတောင်ခုနစ်ဆယ် အရပ်မြင့်တော်မူ၏၊ ထိုသိခီမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် အရပ်ထက်ဝန်းကျင်မှ သုံးယူဇနာ တိုင်အောင် ကွန့်မြူးထွက်ကြွတော်မူ၏။

http://www.dhammadownload.com



၄၆။ အနှစ်ခုနှစ်သောင်း အသက်ရှည်တော်မူ၏၊ တုဘက်ပြိုင်ဘက် ကင်းတော်မူ၏။ **သရက်ဖြူပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာ လေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုသိခီမြတ်စွာ ဘုရားသည် အကျွန်ုပ်တို့အား ကြီးမြတ်သော ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါဘုရား၊ အကျွန်ုပ်တို့သည် အခါခပ်သိမ်း စီးပွားချမ်းသာခြင်းနှင့် ပြည့်စုံရပါလိုကုန်၏ဘုရား။ ( ၂၃ )

## (၂၄) ဝေဿဘူ ဘုရားရှင်နှင့် အင်ကြင်းပင်

၄၇။ **ဝေဿဘူ** နာမ သမ္ဗုဒ္ဓေါ၊ ဟေမရူပ သမူပမော။
သင်္ဂီရတန' မုဗ္ဗေဓော၊ သင်္ဂီ စ သဟဿာယုကော။

၄၈။ ပြဟ္မဒေဝ မနုဿေဟိ၊ နာဂါသုရ ဒိဇေဟိ ဝါ။
ပူဇိတောပိ သဒါ နာထော၊ သဒါ သောတ္ထိ ကရောတု နော။

၄၇။ **ဝေဿဘူ**မြတ်စွာဘုရားသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်း ရှိတော်မူ၏၊ အတောင်ခြောက်ဆယ် အရပ်မြင့်တော်မူ၏၊ အနှစ်ခြောက် သောင်း အသက်ရှည်တော်မူ၏။

၄၈။ ဗြဟ္မာ၊ နတ်၊ လူ၊ နဂါး၊ အသုရာ၊ ဂဠုန်တို့ အခါခပ်သိမ်း ပူဇော် သက္ကာရ ပြုအပ်၏၊ **အင်ကြင်းပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာ လေးကို သိမြင်လျက် ဘုရားအဖြစ်သို့ရောက်တော်မူသော ထိုဝေဿဘူ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ ( ၂၄ )

## (၂၅) ကကုသန် ဘုရားရှင်နှင့် ကုက္ကိုပင်

၄၉။ တာလီသ ရတနုဗ္ဗေဓော၊ **ကကုသန္ဓော** မဟာမုနိ။
တဿ ကာယာ နိစ္ဆရန္တိ၊ ပဘာ ဒွါဒသ ယောဇနေ။

၅၀။ စတ္တာလီသ သဟဿာနိ၊ တဿ အာယု အနုတ္တရော။
ကရောတု သော သဒါ နာထော၊ အာယုံ သုခံ ဗလဥ္စ နော။

၄၉။ **ကကုသန်**မြတ်စွာဘုရားသည် အတောင်လေးဆယ် အရပ်မြင့်တော် မူ၏၊ ထိုကကုသန် မြတ်စွာဘုရား၏ ကိုယ်တော်မှဖြစ်သော ရောင်ခြည်တော် တို့သည် တဆဲ့နှစ်ယူဇနာအရပ်တိုင်အောင် ပြိုးပြိုးပြက်ပြက် ကွန့်မြူးထွက်ကြ တော်မူကုန်၏။

၅၀။ ထိုကကုသန်မြတ်စွာဘုရား၏ အသက်တော်သည် အနှစ်လေးသောင်း ရှည်တော်မူ၏၊ အတုမရှိ မြတ်တော်မူ၏၊ **ကုက္ကိုပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုကကုသန် မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း အသက်ရှည်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းကို ပြုတော်မူပါဘုရား။ ( ၂၅ )

http://www.dhammadownload.com



## (၂၆) ကောဏာဂုမ် ဘုရားရှင်နှင့် ရေသဖန်းပင်

၅၁။ **ကောဏာဂမန**-သမ္ဗုဒ္ဓေါ၊ တိံသဟတ္ထ သမုဂ္ဂတော။
တိံသဝဿ သဟဿာနိ၊ အာယု တဿ မဟေသိနော။

၅၂။ ဓမ္မာမတေန တပ္ပေတွာ၊ ဒေဝသံဃံ သုရာလယေ။
မဟီတလေစ ဇနတံ၊ သဒါ သောတ္ထိ ကရောတု နော။

၅၁။ **ကောဏာဂုံ**မြတ်စွာဘုရားသည် အတောင်သုံးဆယ် အရပ်မြင့်တော်မူ ၏၊ ထိုကောဏာဂုံမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်သုံးသောင်း ရှည်တော်မူ၏။

၅၂။ နတ်ပြည်၊ ဗြဟ္မာပြည်၌ နတ်၊ ဗြဟ္မာအပေါင်းကို၄င်း လူ့ပြည် မြေအပြင်၌ လူအပေါင်းကို၄င်း တရားတော်ဟူသော အမြိုက်သုဓာဖြင့် နှစ်သိမ့် ရောင့်ရဲတော် မူစေ၏၊ **ရေသဖန်းပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုကောဏာဂုံ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၂၆)

## (၂၇) ကဿပ ဘုရားရှင်နှင့် ပင်ညောင်ပင်

၅၃။ **ကဿပေါ** နာမ သမ္ဗုဒ္ဓေါ၊ ဓမ္မရာဇာ ပဘင်္ကရော။
ဝီသတိဟတ္ထ' မုဗ္ဗေဓော၊ ဝီသဿဟဿ အာယုကော။

၅၄။ အနူပမော' သမသမော၊ ဒေဝသတ္ထာ အနုတ္တရော။
ကရောတု နော မဟာသန္တိံ၊ အာရောဂျဥ္စ ဇယံ သဒါ။

၅၃။ **ကဿပ**မြတ်စွာဘုရားသည် တရားမင်းဖြစ်တော်မူ၏၊ ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်ကို ပြုတော်မူ၏၊ အတောင်နှစ်ဆယ် အရပ်မြင့်တော်မူ၏၊ အနှစ်နှစ်သောင်း အသက်ရှည်တော်မူ၏။

၅၄။ နှိုင်းယှဉ်စရာ ဥပမာရှိတော်မမူ၊ တူသူမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူ၏၊ နတ်၊ ဗြဟ္မာတို့ဆရာ ဖြစ်တော်မူ၏၊ အတုမရှိ မြတ်တော်မူ၏၊ **ပညောင်ပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုကဿပမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း မွန်မြတ်သော ငြိမ်သက်ချမ်းသာခြင်း၊ အနာ ရောဂါကင်းခြင်း၊ ရန်အပေါင်းအောင်မြင်ခြင်းကို ပြုတော်မူပါဘုရား။ (၂၇)

## (၂၈) ဂေါတမ ဘုရားရှင်နှင့် ညောင်ဗုဒ္ဓဟောပင်

၅၅။ အဋ္ဌာရသ ဟတ္ထုဗ္ဗေဓော၊ **ဂေါတမော** သကျပုင်္ဂဝမုနော။
သဗ္ဗညူ သဗ္ဗတိလကော၊ သဗ္ဗလောက သုခပ္ပဒေါ။

http://www.dhammadownload.com



၅၆။ သမ္ဗုဒ္ဓေါ သဗ္ဗဓမ္မာနံ၊ ဘာဂေဟိ ဘာဂျဝါယုကော။
ဝိဇ္ဇာစရဏသမ္ပန္နော၊ သောတ္ထာ' ရောဂျံ ဒဒါတု နော။

၅၅။ **ဂေါတမ**မြတ်စွာဘုရားသည် သာကီဝင်မင်းတို့၏ နှစ်သက်မြတ်နိုး ခြင်းကို ပွားတိုးစေတော်မူ၏၊ တဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ခပ်သိမ်းသောတရားတို့ကို သိမြင်တော်မူ၏၊ သူခပ်သိမ်းတို့ မှန်ကူသဖွယ် ဖြစ်တော်မူ၏၊ သူခပ်သိမ်းတို့အား ချမ်းသာကို ပေးတော်မူ၏။

၅၆။ ခပ်သိမ်းသော တရားတို့ကို ကိုယ်တော်တိုင် သိမြင်တော်မူ၏၊ ဘုန်းတော် ခြောက်ပါးနှင့် ယှဉ်တော်မူ၏၊ ဒါန၊ သီလစသည်တို့၏ အထွင့် အထိပ်သို့ရောက်သော ပါရမီရှိတော်မူ၏၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူ၏၊ **ညောင်ဗုဒ္ဓဟောပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုဂေါတမ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား စီးပွားချမ်းသာခြင်း၊ အနာရောဂါ ကင်းခြင်းကို ပေးတော်မူပါဘုရား။ (၂၈)(သာစု-၃-)

**(ဂ) ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် မဟာမင်္ဂလာ ပန်းခြံ၌ ပရိဘောဂစေတီထိုက်သော မဟာဗောဓိညောင်ပင်ရင်းတွင် သိတင်းသုံးတော်မူကြမည့် ဥဒ္ဒိဿစေတီထိုက်သော ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွား နှစ်ကျိပ်ရှစ်ဆူတို့၏ ပလ္လင်တွင် ထည့်သွင်း၌ာပနာမည့် နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ် ဘုရားရှိခိုးနှင့် နိကာယ်ငါးရပ် ပိဋကသုံးပုံ ဓမ္မက္ခန္ဓာ ပါဠိတော်များ**

**၁။ အရှင် တဏှင်္ကရာ ဘုရားရှင်**

တဏှင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တကိတ္တိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**တဏှင်္ကရာ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

http://www.dhammadownload.com



ဂဟာကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ'မဇ္ဈဂါ။

## ၂။ အရှင် မေဓင်္ကရာ ဘုရားရှင်

မေဓင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် **(မေဓင်္ကရာ)** မြတ်စွာဘုရား ကိုယ်တော် မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ-မရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ၃။ အရှင် သရဏင်္ကရာ ဘုရားရှင်

သရဏင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် **(သရဏင်္ကရာ)** မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ-မရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ၄။ အရှင် ဒီပင်္ကရာ ဘုရားရှင်

ဒီပင်္ကရော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့်

http://www.dhammadownload.com



ပြည့်စုံတော်မူသော အရှင် (**ဒီပင်္ကရာ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရှိသေမြတ်နိုး ရှိခိုးပါ၏။

ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ပဇာနာတိ သဟေတုဓမ္မံ။
ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒီ။

## ၅။ အရှင် ကောဏ္ဍည ဘုရားရှင်

ကောဏ္ဍညော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တကဗ္ဗိ အနန္တဇုတိ။ ။ ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ကောဏ္ဍည**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရှိသေမြတ်နိုး ရှိခိုးပါ၏။

ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊ သူရိယောဝ ဩဘာသယ'မန္တလိက္ခံ။

ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယော။

## ၆။ အရှင် မင်္ဂလ ဘုရားရှင်

မင်္ဂလော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တကဗ္ဗိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**မင်္ဂလ**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရှိသေမြတ်နိုး ရှိခိုးပါ၏။

(၁) **ဝိပဿိဿစ** နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
(၂) **သိခိဿပိစ** နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။
(၃) **ဝေဿဘုဿစ** နမတ္ထု၊ နှာတကဿ တပဿိနော။
(၄) နမတ္ထု **ကကုသန္ဓဿ**၊ မာရသေနာ ပမဒ္ဒိနော။
(၅) **ကောဏာဂမနဿ** နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
(၆) **ကဿပဿစ** နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

http://www.dhammadownload.com



(၇) **အင်္ဂီရသဿ** နမတ္ထု၊ သက္ယပုတ္တဿ သိရိမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗ ဒုက္ခာ ပနူဒနံ။
ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာ’ထ၊ မဟန္တာ ဝီတသာရဒါ။

## ၇။ အရှင် သုမန ဘုရားရှင်

သုမနော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တတေဇော အနန္တကဒ္ဓိ အနန္တဇုတိ။ ။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သုမန**) မြတ်စွာဘုရား ကိုယ်တော်မြတ်အား ရှိသေမြတ်နိုး ရှိခိုးပါ၏။

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

၁။ ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။ ၂။ ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။ ၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။ ၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။ ၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။ တံဘဂဝန္တံ အဟံ နမာမိ။

## ၈။ အရှင် ရေဝတ ဘုရားရှင်

